# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၂၆၈) ၊ ၁၃၈၆ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက် ၊ ၂၉-၈-၂၀၂၄ ၊ ကြာသပတေးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျား ကို လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စ မာကျား ကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား သင်တန်းနှင့် လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးမြို့ ယာဉ်ကြောကျပ်တည်းသော လမ်းများတွင် မီးပွိုင့် ၆ ခု တိုးချဲ့တပ်ဆင်မည်

**မန္တလေး ဩဂုတ် ၂၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ယာဉ်ကြောကျပ်တည်းသော လမ်းများတွင် မီးပွိုင့်ပေါင်း ၁၂၂ ခု တပ်ဆင်ထားရှိသည့်အနက် ဆိုလာစနစ်သုံး မီးပွိုင့်များလည်းပါဝင်ပြီး ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ထပ်မံ၍ ရိုးရိုး LEDမီးပွိုင့် အသစ် ၆ ခုကို တိုးချဲ့တပ်ဆင်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက ပြောသည်။




တိုးချဲ့တပ်ဆင်မည့်နေရာများမှာ မန္တလေး-မတ္တရာလမ်းနှင့် GTC လမ်းထောင့် (အောင်မြေသာစံမြို့နယ်)၊ လမ်း ၃၀ နှင့် လမ်း ၆၀ ထောင့်(ချမ်းအေးသာစံမြို့နယ်)၊ ၄၁ လမ်းနှင့် ၅၃ လမ်း၊ ၄၁ လမ်းနှင့် လမ်း ၆၀(မဟာအောင်မြေမြို့နယ်)၊ လမ်း ၆၀ နှင့် ၁၁၀လမ်း(ချမ်းမြသာစည်မြို့နယ်)၊ ၆၂ လမ်းနှင့် ၁၂၅ လမ်း(ပြည်ကြီးတံခွန်မြို့နယ်)တို့ဖြစ်ကြောင်း သိရသည်။

နံနက်ပိုင်း၊ ညနေပိုင်း ကျောင်းသွား၊ ကျောင်းဆင်းချိန်တွေမှာ ယာဉ်ကြောရှုပ်ထွေးတဲ့ နေရာတွေရှိတယ်။ ကိုယ်ပိုင်ကျောင်းတွေမှာ ကျောင်းပို့၊ ကျောင်းကြိုကို ကိုယ်ပိုင်ကားတွေနဲ့ လာကြတော့ ယာဉ်ကြောကျပ်တာတွေရှိတယ်။ ဒါတွေလျော့ပါးသွားအောင် မီးပွိုင့်အသစ် ၆ ခုကို ဒီနှစ်ဘဏ္ဍာနှစ်မှာ ထပ်မံတိုးချဲ့

စာမျက်နှာ ၄ သို့

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မိုး/ဧလ**

## ယနေ့ ဖတ်စရာ အညွှန်း

မီခေးလ်မယ်ရီနို အာဆင်နယ်အသင်းတွင် ကျောနံပါတ် ၂၃ ဂျာစီအား ဝတ်ဆင်ကစားမည်

စာမျက်နှာ ၁၁

ညပိုင်းတွင် မီးပိတ်ပြီးအိပ်စက်လျှင် ဆီးချို အမျိုးအစား ၂ ကို တားဆီးနိုင်မည်

စာမျက်နှာ ၁၈

၂၀၂၄ ခုနှစ် ၊ ဩဂုတ် ၂၉ ရက်၊ ကြာသပတေးနေ့။
မန္တလေး နေ့စဉ်

## ကျေးဇူးတရား အလေးထား ဆောင်ရွက်သင့်

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် ဘုရား၊ တရား၊ သံဃာ၊ မိဘနှင့် ဆရာသမားတို့ကို အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များဟု သတ်မှတ်လျက် ရှိသေသမှုဖြင့် ပူဇော်ရှိခိုးကြသည်။ အနန္တော အနန္တငါးပါးတို့၏ ဆပ်၍မကုန်အောင်များပြားလှသော ကျေးဇူးတရားများကြောင့် လူနတ်သတ္တဝါများသည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်သည့် တရားတော်များကို နာကြားနိုင်ခဲ့ကြသည်။ သူတစ်ပါး၏ ကျေးဇူးသိခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်ဟု မြတ်ဗုဒ္ဓက ဟောကြားတော်မူခဲ့သည်။

လူသားတိုင်းအရွယ်မရောက်မီအချိန်တွင် မိဘများ၏ ကျွေးမွေးပြုစုစောင့်ရှောက်မှုအောက်တွင် ကြီးပြင်းလာကြရသည်။ ထမင်းတစ်လုတ်စားဖူးလျှင်ပင် ကျေးဇူးရှိနေသောကြောင့် မိဘများ၏ ကျေးဇူးကို တွက်ဆကြည့်ပါက ဆပ်၍မကုန်အောင်များပြားလှသည်။ မိဘများ၏ ကျေးဇူးကို သိရှိကာ အထူးပြန်လည်ကျေးဇူးဆပ်သင့်ပေသည်။

မိဘများ၏ ကျေးဇူးကိုဆပ်ခြင်းသည် မိမိအတွက် ကောင်းကျိုးချမ်းသာကိုရရှိနိုင်မှာဖြစ်ပြီး မင်္ဂလာတရားတော်နှင့် ကိုက်ညီသောကြောင့် ကောင်းမွန်မြင့်မြတ်လှသည်။ အချို့သောလူများသည် အကြောင်းအမျိုးမျိုးကြောင့် မိဘများနှင့်အတူမနေကြရပေ။ မိမိဆွေမျိုးအသိုင်းအဝိုင်းနှင့် စေတနာရှင်အချို့က ပြုစုကျွေးမွေးစောင့်ရှောက်ထားတတ်သည်။ ထို့ပြင် ထမင်းစားသောက်ရန် အခက်အခဲနှင့် ကြုံတွေ့ရပါက စေတနာသဒ္ဓါစိတ်ရှိသော လူအချို့ မိမိတို့တွင်ရှိနေသည့် စားစရာ ထမင်းဟင်းများဖြင့် ပြုစုကျွေးမွေးလေ့ရှိသည်။ အခက်အခဲဖြစ်သူများကို ကူညီခြင်းသည်လည်း မြန်မာလူမျိုးတို့၏ ချစ်စရာဓလေ့စရိုက်ဖြစ်သည်။ ဤဖြစ်ရပ်များသည် "တစ်လုတ်စားဖူး သူ့ကျေးဇူး" ဟူသော ဆိုရိုးစကားရပ်ကို ဖော်ညွှန်းလျက်ရှိသည်။ ကျေးဇူးတရားကို မမေ့စေရန်နှင့် ကျေးဇူးတုံ့ပြန်ပေးဆပ်တတ်စေရန် ထိထိမိမိညွှန်းဆိုထားသည်။ မြန်မာတို့၏ ယဉ်ကျေးသိမ်မွေ့သည်နှင့်အမျှ ကျေးဇူးတရားကို အလေးထားသောစိတ်ထားအလှဖြစ်သည်။

လူသားတိုင်း တစ်ဦးကိုတစ်ဦးအမှီပြု၍ ရှင်သန်နေရသော လူ့လောက၏ လူမှုဆက်ဆံရေးဘဝကို ချမ်းမြေ့ပျော်ရွှင်စေရန် ဦးတည်နေသည်။

ထို့အပြင် မိဘတိုင်းသည် သားသမီးတို့၏ ဘဝအတွက် မေတ္တာပေးသူအကာအကွယ်ပေးသူဖြစ်ပြီး မှီခိုအားထားရာလည်းဖြစ်သည်။ မိဘတိုင်းသည် သားသမီးတို့ကို လိမ္မာယဉ်ကျေးစေရန် ဆုံးမရသည်။ မိဘတို့၏ ဆုံးမစကားကို သားသမီးတို့အနေဖြင့် ရိုသေစွာလိုက်နာခြင်းသည် မိဘများကို ကျေးဇူးဆပ်ရာရောက်မည်ဖြစ်သည်။

မြန်မာလူမျိုးများသည် ကျေးဇူးတရားကို အလေးထားကြရာတွင် သက်ရှိကိုမဆိုထားနှင့် သက်မဲ့ဖြစ်သော သစ်ပင်၏အရိပ်၌ နားခိုရလျှင်ပင် ထိုသစ်ပင်၏အကိုင်းအခက်တို့ကို မချိုးရ ချိုးမိလျှင် ကျေးဇူးကန်းရာရောက်သည်ဟု ဆိုထားသည်။

သို့ဖြစ်ရာ လူတိုင်းလူတိုင်း မိမိကကျေးဇူးပြုတတ်မှ သူတစ်ပါး၏ ကျေးဇူးတုံ့ပြန်မှုကို ခံစားရမည်။ ကျေးဇူးတင်စရာ အပြုအမူကိုပြုလိုက်ရသည့်အခါတိုင်း စိတ်ချမ်းသာမှုကို ပေးစွမ်းနိုင်စေရာ ကျေးဇူးတရားကို အလေးထားဆောင်ရွက်သင့်ကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ဧရာဝတီမြစ်အတွင်း သတ္တမအကြိမ်မြောက် ငါးမျိုးစိုက်ထည့်

**မန္တလေး ဩဂုတ် ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနက ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ ကမ်းနားလမ်း၊ ၂၂ လမ်းထိပ်၊ ကျွဲစွန်းဆိပ်ကမ်း၌ ကျင်းပပြုလုပ်သည်။

**(အောက်ပုံ)**

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသံချောင်း၊ အောင်မြေသာစံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ အောင်မြေသာစံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဝင်းမျိုးထွန်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ငါးလုပ်ငန်းဦးစီးဌာန၊ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝေဝေ၊ ငါးလုပ်ငန်းသရုပ်ကုန်းစခန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနောင်ဝင်း၊ ငါးလုပ်ငန်းနတ်ရေကန်စခန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းထွန်းလင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ဧရာဝတီမြစ်အတွင်းသို့ ငါးမြစ်ချင်း နှစ်သိန်း၊ ငါးခုံးမကြီး ၅ သိန်း ၈ ထောင်၊ ရွှေဝါငါးကြင်း ၆ သောင်း စုစုပေါင်း ငါးမျိုး ၇၆၈၀၀၀ အား စုပေါင်း စိုက်ထည့်ကြသည်။

မန္တလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့သည်မှာ ယခုအကြိမ်သည် သတ္တမအကြိမ်မြောက်ဖြစ်ပြီး ငါးမြစ်ချင်း ၁၉၀၀၀၀၀၊ ငါးခုံးမ ၂၀၅၈၀၀၀၊ ရွှေဝါငါးကြင်း ၈၆၀၀၀၀ အပါအဝင် စုစုပေါင်း ၄၈၁၈၀၀၀ စိုက်ထည့်ပြီးဖြစ်ကြောင်း သိရသည်။ **(၀၉၃)**





## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးရှင်းလင်း

**မန္တလေး ဩဂုတ် ၂၈**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ၆၈ လမ်းနှင့် ၁၁၈ လမ်း ထောင့်ရှိ ပဋ္ဌာနသုခမ္မာရုံ၌ ယနေ့ နံနက် ၉ နာရီက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးရှင်းလင်းပွဲ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားသို့ ပြည်ကြီးတံခွန်မြို့နယ် ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး ကျော်သူထွန်း၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး၊ မြို့နယ်လဝကဦးစီးမှူး ဦးအောင်သွင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား ၁၅၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး၊ မြို့နယ်လဝကဦးစီးမှူး ဦးအောင်သွင်က သန်းခေါင်စာရင်းဆိုင်ရာရည်ရွယ်ချက်၊ ကောက်ယူမည့်နည်းလမ်း၊ ကောက်ယူမည့် အိမ်ထောင်စုမေးခွန်းပုံစံနှင့် အဖွဲ့အစည်းမေးခွန်းများအား အကျယ်တဝင့် အသိပညာပေးရှင်းလင်းခဲ့ကာ တက်ရောက်လာသည့် ပြည်သူများက သန်းခေါင်စာရင်းဆိုင်ရာ မေးမြန်းလေ့လာမှုများကို မေးမြန်းရာ မြို့နယ်လဝကဦးစီးမှူးက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များက အခမ်းအနားသို့ တက်ရောက်လာသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြကြောင်း သိရသည်။ **(၀၅၃)**

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## ပြင်ဦးလွင်ခရိုင်/မြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ နေရပ်စွန့်ခွာပြည်သူများအား ကွင်းဆင်းဆေးကုသခြင်းနှင့် ကျန်းမာရေးပညာပေး ဟောပြောခြင်းများ ဆောင်ရွက်

**ပြင်ဦးလွင် ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်/မြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၂)ရှိ ရွှေစေတီဘုန်းတော်ကြီးကျောင်း၌ နေရပ်စွန့်ခွာပြည်သူလူထု ၃၂၀ ဦးအား ဩဂုတ် ၂၆ ရက်က ကွင်းဆင်း၍ ဆေးကုသခြင်းနှင့် ကျန်းမာရေးပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြင်ဦးလွင်ခရိုင်/မြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် နေရပ်စွန့်ခွာပြည်သူလူထုအား အထွေထွေရောဂါများ ကုသပေးခြင်း၊ မကူးစက်သောရောဂါများ ရှာဖွေကုသခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ပုံမှန်ကာကွယ်ဆေးထိုးရန်ကျန်ရှိသော ကလေးများအား ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ငှက်ဖျားရောဂါရှာဖွေစစ်ဆေးကုသပေးခြင်း၊ Mpox မျောက်ကျောက်ရောဂါအကြောင်း အသိပညာပေးဟောပြောခြင်း၊ အာဟာရပြည့်ဖြိုးရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ မျိုးဆက်ပွား ကျန်းမာရေး၊ သားဆက်ခြားနည်း အကြောင်း ကျန်းမာရေးပညာပေးခြင်း၊ ဆေးဝါးများ လှူဒါန်းပေးခြင်းနှင့် ပြည်သူ့ကျန်းမာရေးဌာန၏ လုပ်ငန်းဆောင်တာများအား ရှင်းလင်းပြောကြားခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ဖြူလူသစ်(ခရိုင် ပြန်/ဆက်)**

၀-၀-၀-၀-၀



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

## ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၈

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်နှင့်အတူ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

### အရှိန်အဟုန်မြှင့်ဆောင်ရွက်

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်သူများ နေ့စဉ်စားသောက်သုံးစွဲနေရသည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်/ လူသုံးကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုကို တာဝန်ယူ ဆောင်ရွက်ရသည့်အတွက် အလွန်တာဝန်ကြီးကြောင်း၊ ပြည်သူအများ နေ့စဉ်သုံးစွဲနေရသည့် သောက်ရေသန့်များ၊ စားသုံးဆီများ၊ နို့မှုန့်များကို စနစ်တကျ ပုံမှန်စစ်ဆေးကြီးကြပ်ပေးရန် လိုအပ်ကြောင်း၊ MSMEs လုပ်ငန်းများ အဆင့်မီမီ တိုးတက်စေရေးအတွက်လည်း ဆက်လက်ကူညီပံ့ပိုး ဆောင်ရွက်ပေးစေလိုကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်နေသော ဓာတ်ခွဲခန်းလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်စေရေးနှင့် ဈေးကွက်ထောက်လှမ်းစစ်ဆေးခြင်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်စေလိုကြောင်းနှင့် ဆေးဝါးနှင့် ကာကွယ်ဆေးများ စိစစ်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဓာတ်ခွဲခန်းများနှင့်ပတ်သက်သည့် ကိစ္စရပ်များ၊ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ လိုအပ်သည်များကိုမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းများ (MSMEs) နှင့် စပ်လျဉ်းသည့် စားသောက်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးတို့ကို ပံ့ပိုးဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

### လက်ရည်တစ်ပြင်တည်းသုံးဆောင်

ထို့နောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဌာန၏



လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခြင်း၊ ညွှန်ကြားရေးမှူး (စီမံကိန်း/စစ်ဆေးရေး) က ဦးစီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် ဇွန်လအထိ လုပ်ငန်းဆောင်ရွက်မှုကို တင်ပြခြင်း၊ ညွှန်ကြားရေးမှူး(စီမံ) က အဆင့်မြင့်ဓာတ်ခွဲခန်း(B) ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ တင်ပြခြင်း၊ ညွှန်ကြားရေးမှူး(ဆေးဝါး) က ဆေးဝါးဌာန၏လုပ်ငန်းလက်ကျန်များလျှော့ချရေး စီမံချက်နှင့်ပတ်သက်၍ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကိုမှာကြားကာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့်အတူ နေ့လယ်စာကို ရင်းနှီးစွာ လက်ရည်တစ်ပြင်တည်း သုံးဆောင်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ အဆင့်မြင့်ဓာတ်ခွဲခန်း (A) နှင့် (B) ဆောက်လုပ်ပြီးစီး၍ အသုံးပြုနေမှုအခြေအနေများ၊ ဇီဝစံဓာတ်ခွဲခန်းနှင့် ဆေးဝါးဌာနခွဲတို့ကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ (ဓါတ်ပုံ)

သတင်းစဉ်

## မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် အထူးရန်ပုံငွေ (၂၀၂၃) ဖြင့် ဆောင်ရွက်သည့် စားသောက်ကုန်လုပ်ငန်းကဏ္ဍတွင် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးဆိုင်ရာ အသိပညာမြှင့်တင်ရေးဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၈

**မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် အထူးရန်ပုံငွေ (၂၀၂၃) ဖြင့် ဆောင်ရွက်သည့် စားသောက်ကုန်လုပ်ငန်းကဏ္ဍတွင် စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးဆိုင်ရာ အသိပညာမြှင့်တင်ရေး ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ခန်းမဌ္ဌကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း Virtual စနစ်ဖြင့် တက်ရောက်သည်။** (ယာပုံ)



ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ အဖွဲ့ဝင်များ၊ မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (မြန်မာ) မှ ကိုယ်စားလှယ်များ၊ စားသောက်ကုန်လုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များနှင့် ဆက်စပ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲ

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာန အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်း စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေး လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသည့် ဝန်ကြီးဌာနဖြစ်၍ လုပ်ငန်းများကို ထိထိရောက်ရောက် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားအဆင့် စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးနှင့် ထိန်းသိမ်းရေး မူဝါဒ၊ မဟာဗျူဟာနှင့် ရှေ့လုပ်ငန်းစဉ်ကို ၂၀၁၆ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့ကြောင်း၊ မူဝါဒရည်မှန်းချက်အနေဖြင့် ၂၀၁၂ ခုနှစ် စွမ်းအင်သုံးစွဲမှုကိုအခြေခံပြီး ၂၀၃၀ ပြည့်နှစ်တွင် ၂၀ ရာခိုင်နှုန်း လျှော့ချနိုင်ရန် ရည်ရွယ်ထားကြောင်း၊ ကမ္ဘာ့ရည်မှန်းချက်အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ပန်းတိုင် (၇) (Global Sustainable Development Goal 7) ၏ အဓိကရည်ရွယ်ချက် (၃)ရပ်အနက် ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲရေး လုပ်ငန်းများကို နှစ်ဆ တိုးမြှင့်ရမည်ဟု သတ်မှတ်ထားကြောင်း။

### နည်းပညာများမျှဝေသွားမည်

ယခုဆွေးနွေးပွဲသည် ရန်ကုန်မြို့တွင်ရှိသည့် စားသောက်ကုန်လုပ်ငန်းအများစုအတွက် ရည်ရွယ်ပြီး စွမ်းအင်အကျိုးရှိစွာသုံးစွဲရေး နည်းပညာများ မျှဝေသွားမည်ဖြစ်ကြောင်း၊ စွမ်းအင်အကျိုးရှိ ထိရောက်စွာ သုံးစွဲရေးဆိုင်ရာ နည်းပညာများနှင့် စားသောက်ကုန်လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို သက်ဆိုင်ရာပညာရှင်များက ဆွေးနွေးပြောကြားပေးမည်ဖြစ်ကြောင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များ အားလုံးအနေဖြင့် သိရှိလိုသည်များကို အသေးစိတ်မေးမြန်းကြရန်နှင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်း ပြောကြားသည်။

### ရှင်းလင်းဆွေးနွေး

ထို့နောက် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှုကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးက အစားအသောက်ထုတ်လုပ်မှုကဏ္ဍတွင် စွမ်းအင်အကျိုးရှိ ထိရောက်စွာ သုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ အမျိုးသားအဆင့် အတိုင်ပင်ခံ ကိုယ်စားလှယ်က အစားအသောက် ထုတ်လုပ်မှုကဏ္ဍ၌ စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲမှုနှင့် ပတ်သက်၍ အဓိကဆောင်ရွက်ရမည့် အချက်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ အစားအသောက် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ကိုယ်စားလှယ်က အစားအသောက် ထုတ်လုပ်မှုကဏ္ဍတွင် စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှုကို လည်းကောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ကိုယ်စားလှယ်က မြန်မာနိုင်ငံတွင် စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့် ရှုထောင့်အမြင်ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခြင်း၊ အကြံပြုဆွေးနွေးခြင်းနှင့် စွမ်းအင်အကျိုးရှိ ထိရောက်အောင် ဆောင်ရွက်နိုင်ရေးအတွက် နည်းလမ်းများ ချမှတ်ခြင်းတို့ကို ဆောင်ရွက်၍ ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## သံလွင်မြစ်နှင့် စစ်တောင်းမြစ်ရေကြီးမှုကြောင့် ဘားအံ၊ တောင်ငူနှင့် မဒေါက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေသူများအနေဖြင့် အထူးသတိပြု

နေပြည်တော် ဩဂုတ် ၂၈

ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ နှစ်ပေခန့် (၅၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ နှစ်ပေခန့် (၅၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ တစ်ပေကျော် (၃၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

### အကြံပြုချက်

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# ဘဝနတ်ထံပျံလွန်တော်မူသွားသော မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ကျောင်းတိုက် ပဓာနနာယက နာယကချုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တသဇ္ဇနသာရ၏ ဥတုဇရုပ်ကလာပ်တော်အား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၏ဇနီး သွားရောက်ဖူးမြော်ကြည်ညို





**မန္တလေး ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် မဟာမြိုင်ကျောင်းတိုက် ပဓာနနာယက နာယကချုပ်ဆရာတော်၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တသဇ္ဇနသာရ၊ သက်တော် ၈၅ နှစ်၊ ဝါတော် ၆၅ ဝါသည် ဩဂုတ်လ ၂၇ ရက်နေ့ နံနက် ၇ နာရီ မိနစ် ၅၀က ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ကြောင်း သိရသည်။

ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ ဇနီး ဒေါ်မမ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး၏ဇနီး ဒေါ်မီမီစိုးနှင့် တာဝန်ရှိသူသည် ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဩဂုတ်လ ၂၈ ရက်နေ့ နံနက်ပိုင်းက သွားရောက်ဖူးမြော်ကန်တော့ကြသည်။

ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်ကို ဩဂုတ်လ ၃၁ ရက်နေ့အထိ ပူဇော်ခံသွားမည်ဖြစ်ပြီး ဩဂုတ်လ ၃၀ ရက်နေ့ညတွင် ပါမောက္ခချုပ်ဆရာတော်ဘုရားကြီးက တရားတော်များဖြင့် ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

အန္တိမအဂ္ဂိဈာပနအခမ်းအနားကို ဩဂုတ်လ ၃၁ ရက်နေ့ မွန်းလွဲသုံးနာရီအချိန်တွင် မဟာမြိုင်ကျောင်းတိုက်မှ ကရဝိက်ဖောင်တော်ဖြင့် ပင့်ဆောင်၍ တောင်သမန်ကန်စောင်းတွင် အဂ္ဂိဈာပန ပူဇော်ပြီးနောက် စက်တင်ဘာလ တစ်ရက်နေ့ မွန်းလွဲတစ်နာရီအချိန်တွင် ဧရာဝတီမြစ်အတွင်း၌ ဥဒက ဈာပနအခမ်းအနားကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝဇ၃)**



## လမ်းခင်းကျင်းနေမှုကို ကွင်းဆင်းစစ်ဆေး

**အောင်လံ ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် ရွာထောင်ရပ်ကွက်၊ မြသိန်းတန်လမ်း (၁၁၈၅'x၁၆'x၉")ကွန်ကရစ်လမ်းခင်းနေမှုနှင့် ပြီးစီးမှုအခြေအနေအား ယမန်နေ့က အောင်လံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများ၊ အင်ဂျင်နီယာမှူးတို့မှ ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)အာကာ(ပြန်/ဆက်)**

## အမရပူရမြို့နယ် အိုးတော်အခြေခံပညာအလယ်တန်းကျောင်းတွင် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**အမရပူရ ဩဂုတ် ၂၈**

အမရပူရခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမရပူရမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အဆိုပါမြို့နယ်ရှိ အိုးတော်အခြေခံပညာအလယ်တန်းကျောင်း ကျောင်းခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်တင်တင်လှက "ဗဟုသုတကြွယ်ဝစေဖို့ စာဖတ်ကြပါစို့" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဦးစီးအရာရှိ ဦးနေဝင်းထွန်းက လူငယ်နှင့်အားကစားအကြောင်း သိကောင်းစရာများကို အသီးသီးဟောပြောကြပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။ **(ယာပုံ)**

ထို့နောက် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဦးစီးအရာရှိက ကျောင်းသား၊ ကျောင်းသူများအတွက် ပိုက်ကျော်ခြင်း ၃ လုံးနှင့် ဘော်လီဘော ၁ လုံး အစရှိသည့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးဦးညွန့်ဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **စိုးသီဟ(အမရ)**



**❁ ရှေ့ဖုံးမှ**

တပ်ဆင်မှာပါ။ မီးပွိုင့်နှင့်ဆက်စပ်ပစ္စည်းများကို တင်ဒါခေါ်ပြီးသွားပြီဟု မြို့တော်ဝန်က ပြောသည်။

အဆိုပါ မီးပွိုင့်တစ်ခုလျှင် ငွေကျပ်သိန်း ၃၀၀ ဝန်းကျင် ကုန်ကျမည်ဖြစ်သည်။ မီးပွိုင့်နှင့် ပတ်သက်၍ ဆက်စပ်ပစ္စည်းများကို တရုတ်နိုင်ငံမှ မှာယူတင်သွင်းရာ အချို့သောအစိတ်အပိုင်းများ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ဆက်စပ်ပစ္စည်းများ ရောက်ရှိလာပါက အမြန်ဆုံးတပ်ဆင်နိုင်ရန် တိုင်များနှင့် အခြားလိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားရှိကြောင်း သိရသည်။

"လမ်းခရီးမှာ နည်းနည်းကြန့်ကြာနေပေမယ့် ပစ္စည်းစုံရောက်လာရင် ချက်ချင်းကောက်တပ်ဖို့ ပြင်ဆင်ထားတယ်။ လိုအပ်တဲ့နေရာတွေမှာ ထပ်မံတပ်ဆင်နိုင်ဖို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်ထိန်းသိမ်းရေးကရတဲ့ငွေနဲ့ ဆောင်ရွက်ဖို့လည်း အစီအစဉ်ရှိတယ်။ မီးပွိုင့်တွေက ပျက်တတ်တာမျိုးရှိတော့ နှစ်စဉ်ထိန်းသိမ်းပြင်ဆင်မှုတွေလုပ်ပါတယ်" ဟု ဆက်လက်ပြောကြားသည်။

မန္တလေးမြို့တော်တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်ကြောကျပ်တည်းမှုလျှော့ချနိုင်ရေးအတွက် SCATS အမျိုးအစား မီးပွိုင့် ၆၅ ခု၊ Individual Loop Sensor မီးပွိုင့် ၂၅ ခု၊ ရိုးရိုး Timer သုံး LED မီးပွိုင့် ၃၂ ခု၊ စုစုပေါင်း ၁၂၂ ခု တပ်ဆင်အသုံးပြုလျက်ရှိသည့်အပြင် မီးပွိုင့်များနှင့် လိုအပ်သောနေရာများ၌ CCTV များတပ်ဆင်ကာ ယာဉ်အသွားအလာများကို မှတ်တမ်းတင်ခြင်းတို့ ဆောင်ရွက်နေကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၉)**

## အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်ရန် အကြိုလေ့ကျင့်ဖျော်ဖြေ

**ရေနံချောင်း ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည့် ရေနံချောင်းတက္ကသိုလ်မှ ပြိုင်ပွဲဝင်များ အကြိုလေ့ကျင့်ဖျော်ဖြေခြင်း အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက အဆိုပါတက္ကသိုလ် ပတ္တမြားခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို ရေနံချောင်းတက္ကသိုလ်မှ ဝါသနာရှင်များက မင်္ဂလာနံနက်ခင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာအေးအေးသန့်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ခရိုင်၊ တိုင်းအဆင့်တွင် ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များက ခေတ်ဟောင်းကာလပေါ်တေး၊ အမျိုးဂုဏ်ဇာတိဂုဏ်သီချင်း၊ တပင်တိုင်အက၊ တစ်ကိုယ်တော်ဆိုင်း၊ တစ်ကိုယ်တော်စန္ဒရား၊ တစ်ကိုယ်တော်ပတ္တလား စသည့် ပြိုင်ပွဲ သတ်မှတ်ချက်တေးသီချင်း၊ အကများဖြင့် အကြိုလေ့ကျင့်ဖျော်ဖြေကြသည်။ ဆက်လက်၍ ဒုတိယပါမောက္ခချုပ်က အကဲဖြတ်ဒိုင်အဖွဲ့များနှင့် ပြိုင်ပွဲဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။



အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁)ဗိုလ်မှူးသန်းငွေးနှင့် အဖွဲ့ဝင်များ၊ ဒိုင်အဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရေနံချောင်းတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။ **(ဓဲပုံ)(၄၇၂)**

# ဝရဒါဠာဓါတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး)ပရိဝုဏ် အတွင်း၊ အပြင်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပမှုရှိစေရေးနှင့် စေတီတော်အဝင်လမ်းကြောင်းတစ်လျှောက် အထူးသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း လှည့်လည်ကြည့်ရှုစစ်ဆေး





**မန္တလေး ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ မဟာဓမ္မရံသီ ကုန်းတော်မြတ်၌ တည်ထားကိုးကွယ်ထားသည့် ဝရဒါဠာဓါတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး) ပရိဝုဏ်အတွင်း၊ အပြင်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပမှုရှိစေရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် စေတီတော်အဝင်လမ်းကြောင်း တစ်လျှောက် အထူးသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက စေတီတော်အရှေ့ဘက်မုခ်ရှေ့ ၆၈ လမ်းဘေးဝဲ၊ ယာနှင့်စေတီတော်ပရိဝုဏ်အတွင်း ပတ်လမ်းများတွင် မြက်၊ ချုံနွယ်များ၊ အမြင်မတင့်တယ်သည့် အပင်များကို ရှင်းလင်းခြင်းလုပ်ငန်းအား သန့်ရှင်းရေးဌာန(၆)မြို့နယ်မှ လုပ်သားအင်အား ၁၈၈ ဦးတို့ဖြင့်လည်းကောင်း၊ စေတီတော်အရှေ့မုခ်(၆၈)အဝင်လမ်းတစ်လျှောက် လမ်းလယ်ကျွန်းရှိ အပင်များအား ပုံသွင်း၊ ပုံညှိခြင်းလုပ်ငန်းအား ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ ဝန်ထမ်းအင်အား ၈၀ ဦးဖြင့်လည်းကောင်း၊ ၆၈ လမ်းမကြီးဘေး ဝဲ၊ ယာရှိလမ်းနှင့် မလွတ်ကင်းသော ကျူးကျော်တဲများနှင့် ဈေးဆိုင်များအား ရှင်းလင်းခြင်းလုပ်ငန်းကို အခွန်ဌာနမှ ဝန်ထမ်းအင်အား ၅၅ ဦးတို့ဖြင့်လည်းကောင်း စုပေါင်းအထူးသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်(၁)ဦးမြင့်ဦး၊ ကော်မတီဝင်(၂)ဦးနေလင်းထွန်းနှင့် သက်ဆိုင်ရာဌာနမှူးများလိုက်ပါကာ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြပြီး မြို့တော်ဝန်က စွယ်တော်မြတ်စေတီတော်ဝင်းအတွင်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ပေးကြရန် မှာကြားပြီးနောက် သန့်ရှင်းရေးဌာနလုပ်သားများ၏ မြက်ဖြတ်စက်များ အသုံးပြု၍ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းနေမှုများ၊ လမ်းလယ်ကျွန်းရှိ အပင်များအား အမြင့်တင်ကရိန်းကား အသုံးပြု၍ ကိုင်းတိ၊ ကိုင်းညှိပုံသွင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများအား လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် စွယ်တော်မြတ်စေတီတော်အနောက်ဘက်မုခ်အနီး(ရန်-မန်း)လမ်းမကြီး ကဏ္ဍရာလမ်း အရှေ့ဘက်ခြမ်း ဘုရားဝင်းအတွင်းမှ မိုးရေများ ရေစီးရေလာပိုမိုကောင်းမွန်အောင် မူလ(၂)ပေ ရေပိုက်တပ်ဆင်ထားခြင်းအစား အရှည်(၄၀)ပေစီရှိပြီး (၂×၃)ပေအကျယ် (Box Culvert)အမိုးပိတ်တံတား တည်ဆောက်ရေးလုပ်ငန်းအား စတင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ လမ်းတံတားဌာန ဌာနမှူးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့သည် တံခွန်တိုင်အပိုင်းနှင့် (ရန်-မန်း)အမြန်လမ်းမကြီးအဆုံးတွင် မြို့အဝင်စိမ်းလန်းစိုပြည် သာယာလှပရေး ပန်းအလှပင်များ လမ်းလယ်ကျွန်းတွင် စိုက်ပျိုးဆောင်ရွက်ထားရှိမှုများနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ဝင်ကြေးလမ်းအသုံးပြုခကောက်ခံရေး ဂိတ်သစ်ဖြစ်သည့်(အမြန်လမ်းတံခွန်တိုင်တိုးဂိတ်)သို့ ရောက်ရှိရာ (MDY) အမှတ်အသားပါ အိမ်စီးကားများ ဘီးခွန်ပေးဆောင်ပြီးဖြစ်၍ ကောက်ခံမှုမရှိရန်နှင့် သတ်မှတ်ထားသည့် ကောက်ခံရမည့် နှုန်းထားများအတိုင်း ကောက်ခံကြရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည်(ရန်-မန်း)လမ်းမကြီး ချမ်းမြသာစည်လေဆိပ်ဟောင်းအနီး အထက်မြန်မာပြည် ဗဟိုဘဏ်သို့အဝင်၊ အထွက်လမ်းကြောင်း ဖောက်လုပ်ရန် တည်ဆောက်ပြီး အဝင်၊ အထွက်တံတား (၂)စင်းအတွက် လမ်းလယ်ကျွန်းအား ဖျက်ထုတ်ရန်၊ သတ်မှတ်နေရာအား ကြည့်ရှုခဲ့ပြီး ဆက်စပ်မြှင့်တင်ပေးရေးနှင့်အတူ လမ်းလယ်ကျွန်းအတွင်းရှိ အပင်ကြီးများ ပြောင်းရွှေ့ရေးကိစ္စရပ်အတွက် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဌာနမှူးအား အမြန်ဆုံးရွှေ့ပြောင်းပေးရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀









# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်မိုး မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးလက်ဖွံ့ဖြိုးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး

**မိတ္ထီလာ ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်မိုးသည် မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းနှင့် မြေသားရေကန် ပြန်လည်တူးဖော်ပြုပြင်ခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုသည်။



မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်မိုးသည် မိတ္ထီလာမြို့နယ် သီးကုန်းကျေးရွာ၌ ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် အရှည် ပေ ၅၂၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မ ရှိ ကျေးရွာတွင်းလမ်းအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မျိုးလွင်က လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စီမံကိန်းများကို မပျက်စီးစေရန်နှင့် ရေရှည်အကျိုး ဖြစ်ထွန်းစေရေး ကျေးရွာမှ ပူးပေါင်းကြိုးပမ်းကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးသည် ဆည်ကုန်းကျေးရွာ မြေသားရေကန် ပြုပြင်ခြင်းလုပ်ငန်းနှင့် ဆည်ကုန်းကျေးရွာမှ လယ်ကွက်အမှတ် (၈၃၁) မှ (၈၃၂) သို့ ဆက်သွယ်ထားသည့် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးရာ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်းက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဆောင်ရွက်ပေးလျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးပြောကြားခဲ့ပြီး ကျေးရွာကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ဆောင်ရွက်ပြီးသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(၄၆၉)

၀-၀-၀-၀-၀




## လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေး အသိပညာပေး ဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၈**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာနတို့ပူးပေါင်း၍ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးအသိပညာပေးဆွေးနွေးပွဲ (Talk Show)ကို ယနေ့ နံနက် ၁၀နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၊ လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပပြုလုပ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ရွှေနှင့် တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာန၊ ဒုတိယတိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ဦးတို့က ပါဝင်ဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးကြရာတွင် မြန်မာနိုင်ငံအနေနဲ့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာ ပူးတွဲကြေညာချက် (JC)တွင် လက်မှတ်ရေးထိုးခဲ့မှု၊ ပူးတွဲကြေညာချက် (JC) နှင့်ပတ်သက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ရေးဆွဲရေး၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီဖွဲ့စည်းဆောင်ရွက်နေမှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၂၀၀၆၊ အပိုဒ် ၁၀ တွင်ပါဝင်သည့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အချက်များ စသည်တို့ကို ထည့်သွင်းဆွေးနွေးကြကြောင်း သိရသည်။

(၀၉၃)

## လူကုန်ကူးခံရသူများ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ(မန္တလေး)တွင် လူကုန်ကူးခံရသူများကို လက်ခံစောင့်ရှောက်ပေးလျက်ရှိ

**မန္တလေး ဩဂုတ် ၂၈**

အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ရွှေကျင်သံလမ်းအနီး ဘုန်းတော်တိုးရပ်ရှိ လူကုန်ကူးခံရသူများ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ(မန္တလေး)တွင် လူကုန်ကူးခံရသူများကို လက်ခံစောင့်ရှောက်ပေးနေကြောင်း အဆိုပါဂေဟာရှိ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနအနေဖြင့် လူကုန်ကူးခံရသူများ လက်ခံစောင့်ရှောက်ရေးဂေဟာ(မန္တလေး)ကို ၂၀၁၈ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အချိန်အထိ လူကုန်ကူးခံရသူ ၂၀၀ ကျော်ကို လက်ခံစောင့်ရှောက်ပေးနိုင်ခဲ့ပြီး ၎င်းတို့၏ ဇာတိရပ်ရွာဒေသရှိ မိဘ၊ ဆွေမျိုးများထံသို့ စနစ်တကျ ပြန်လည်အပ်နှံပေးနိုင်ခဲ့ကြောင်း၊ လက်ရှိတွင် လူကုန်ကူးခံရသူ ၅ ဦးကို လက်ခံစောင့်ရှောက်ပေးနေကြောင်း လူကုန်ကူးခံရသူများ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ(မန္တလေး)မှ ဂေဟာမှူး ဦးနေအောင်ကျော်က ပြောပြသည်။

လူကုန်ကူးခံရသူများ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ (မန္တလေး)ကို ဖွင့်လှစ်ကာ စောင့်ရှောက်ပေးရုံသာမက လူကုန်ကူးခံရသူများကို စားဝတ်နေရေး၊ ကျန်းမာရေး၊ အားကစားလှုပ်ရှားမှုများအပြင် မိသားစုနှင့် အိုးမကွာ၊ အိမ်မကွာလုပ်ကိုင်စားသောက်နိုင်စေရန် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုပညာရပ်များကိုပါ သင်ကြားပေးလျက်ရှိကြောင်း၊ လူကုန်ကူးမှုမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွင် လူကုန်ကူးမှုအန္တရာယ်များကို ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် စာသင်ကျောင်းများ၊ လူအများစည်ကားသည့် ဈေးများသို့သွားရောက်ပြီး အသိပညာပေးဟောပြောပွဲများကိုလည်း ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးခြင်း၊ ဘဝရပ်တည်ရန်ခက်ခဲခြင်း၊ တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရခြင်းတို့မှတစ်ဆင့် လူကုန်ကူးမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ လူကုန်ကူးခြင်းသည် လူတစ်ဦးက အခြားလူတစ်ဦးကိုဖြစ်စေ၊ တစ်ဦးထက်ပိုသည်ဖြစ်စေ စည်းရုံးခြင်း၊ ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်း စသည့် ခေါင်းပုံဖြတ် အမြတ်ထုတ်သည့် နည်းများဖြင့် လူအချင်းချင်း အရောင်းအဝယ် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ လူကုန်ကူးမှုသည် ကမ္ဘာ့နိုင်ငံများတွင် ခြိမ်းခြောက်နေသည့် ပြဿနာဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းထားရှိပြီးဖြစ်ပြီး အဆိုပါဥပဒေတွင် အမျိုးသမီးများနှင့် ကလေးသူငယ်တွေကို လူကုန်ကူးခဲ့မည်ဆိုပါက ထောင်ဒဏ် ၁၀ နှစ်မှ အမြင့်ဆုံး ထောင်ဒဏ်တစ်သက်အထိ သတ်မှတ်ထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ် ၄)

## မိုးစပါးသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက် စိုက်ပျိုးမည့်တောင်သူများအား ပံ့ပိုးပစ္စည်းများပေးအပ်

**မန္တလေး ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက် စိုက်ပျိုးမည့်တောင်သူများအား ပံ့ပိုးပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ တောင်သူပညာပေးအဆောင်တွင် ကျင်းပသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးရီက မိုးစပါးသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်စိုက်ပျိုးမည့်တောင်သူများ ပံ့ပိုးပစ္စည်းများပေးအပ်ရခြင်း ရည်ရွယ်ချက်တို့ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ အဖွဲ့ဝင် ဦးသိန်းအောင်၊ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်၊ အဖွဲ့ဝင် ဦးဆန်းထွန်းဦး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးကိုကိုနိုင်၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးရီတို့က မိုးစပါးသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြ ကွက် ၂၅ ဧကအတွက် ယူရီယားမြေဩဇာ ၂၅ အိတ်၊ မျိုးစပါး ၂၅ အိတ်၊ ကျောက်မှုန့်မြေဩဇာ (Gypsum) ၂၅ အိတ်၊ YSR-1 စိုက်ပျိုးမည့် တောင်သူများအား ပိုတက်မြေဩဇာတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၈၁)

၀-၀-၀-၀-၀

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သည့်စစ်သည်များ ပါဝင်သော မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်မှုထမ်းဆဲ/ စစ်မှုထမ်းဟောင်းနှင့် အစားခန့်ဝန်ထမ်းများ၏ သား/ သမီးကျောင်းသားကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော စစ်သည်များပါဝင်သည့် မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များသည် နိုင်ငံတကာယဉ်ကျေးမှု၊ ဗဟုသုတနှင့် အသိပညာများ အတုယူ လေ့လာနိုင်စေရန် လေ့လာရေးခရီးစဉ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဩဂုတ် ၂၆ ရက် ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ဩဂုတ် ၂၇ ရက် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ပေကျင်း အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြပြီး မြန်မာနိုင်ငံဆိုင်ရာ စစ်သံမှူး ဗိုလ်မှူးချုပ် ဇော်ဇော်နိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**သွားရောက်လည်ပတ်**

အဆိုပါ ထူးချွန်လူငယ်များ ပါဝင်သည့် လေ့လာရေးအဖွဲ့သည် ဩဂုတ် ၂၇ ရက် နံနက်ပိုင်းတွင် ပေကျင်းမြို့ရှိ Tian Tan ပန်းခြံသို့ သွားရောက် လည်ပတ်ခြင်း၊ မွန်းလွဲပိုင်းတွင် Ling Guang ဘုရားကျောင်းသို့ သွားရောက်၍ ဘုရားကျောင်းတွင် ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် အဆိုပါ ထူးချွန်လူငယ်များ ပါဝင်သည့် လေ့လာရေးအဖွဲ့သည် ပေကျင်းမြို့ရှိ Great Wall သို့ သွားရောက်လေ့လာခဲ့ကြပြီး မွန်းလွဲပိုင်းတွင် နွေရာသီနန်းတော်သို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြသည်။



ထိုသို့ သွားရောက်လေ့လာရာတွင် နိုင်ငံတော်အဆင့် ဘက်စုံပညာထူးချွန်လူငယ် ရွေးချယ်ခံရသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းခဲ့ကြရာ သက်ဆိုင်ရာ နေရာအလိုက်မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သည့်စစ်သည်များ ပါဝင်သော မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ အထင်ကရနေရာများတွင် လေ့လာကြစဉ်။





# ဗင်နီဇွဲလားသမ္မတ နီကိုလတ်စ်မာဒူရို အစိုးရဝန်ကြီးအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်း



**ကရာကတ်စ် ဩဂုတ် ၂၈**

ဗင်နီဇွဲလားသမ္မတ နီကိုလတ်စ်မာဒူရိုသည် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့ပြီးနောက် ဩဂုတ် ၂၇ ရက်က အစိုးရဝန်ကြီးအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းလိုက်ကြောင်း စီအင်အင်န်သတင်းဌာနက ဖော်ပြသည်။

၎င်းဘက်မှ မဲမသမာမှု ကျူးလွန်ပြီး အနိုင်ရအောင်ကြံဆောင်ခဲ့သည်ဟု အတိုက်အခံနိုင်ငံရေးအင်အားစုများ သတင်းထုတ်လွှင့်ခဲ့ရာမှ ကရာကတ်စ်နှင့် အခြားမြို့ကြီးများ၌ လူပေါင်း ထောင်နှင့်ချီ၍ စုဝေးကာ ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

ယင်းကန့်ကွက်မှုများ လုံးဝ ရပ်တန့်ခြင်းမရှိသေးမီ သမ္မတ နီကိုလတ်စ်မာဒူရိုက အစိုးရဝန်ကြီးအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းလိုက်ခြင်း ဖြစ်သည်။

ဒုတိယသမ္မတ ဒဲလ်ဆီရိုဒရီဂက်ဇ်နှင့် ဝန်ကြီးအများစုကို ဖယ်ရှားခြင်းမပြုဘဲ ဘဏ္ဍာရေးနှင့် ပြည်ထဲရေးဝန်ကြီးနှစ်ဦးကိုသာ အပြောင်းအလဲပြုလုပ်ခဲ့သည်။

အမေရိကန်ဦးဆောင်သော အနောက်အုပ်စုကမူ သမ္မတ နီကိုလတ်စ်မာဒူရို ရာထူးမှပြုတ်ကျသွားစေရန် အထွေထွေပိတ်ဆို့မှုများဖြင့် ဆက်လက်ဖိအားပေးနေကြောင်း သိရသည်။ **Mon**



# မြေကျွံကျမှုများ ဆက်လက်ဖြစ်ပွားမည်ကို ကွာလာလမ်ပူမြို့သူ၊ မြို့သားများ စိုးရိမ်နေကြ

**ကွာလာလမ်ပူ ဩဂုတ် ၂၈**

ဩဂုတ် ၂၃ ရက်က ကွာလာလမ်ပူမြို့တော်၌ ဖြစ်ပွားခဲ့သောမြေကျွံကျမှုတွင် မြေကြီးထဲသို့ ပြုတ်ကျသွားသော အမျိုးသမီးကို ၅ ရက်မြောက်နေ့ အထိ ရှာမတွေ့ဘဲ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုမြို့တစ်ဝန်းရှိမြေပြင်ကို ထုံးကျောက်များဖြင့်ဖွဲ့စည်းထားရာ မည်သည့်နေရာတွင်မဆို အလားတူမြေကျွံမှုမျိုး ဖြစ်လာနိုင်သည်ဟု အင်တာနက်လူမှုကွန်ရက်များတွင် သတင်းလွှင့်နေကြသည်။

ထိုသို့ထုတ်လွှင့်ထားသော သတင်းများ အလျင်အမြန်ပြန့်နှံ့သွားသဖြင့် မြေကျွံကျမှုများ ဆက်လက်ဖြစ်ပွားမည်ကို ကွာလာလမ်ပူ မြို့သူ၊ မြို့သားများ စိုးရိမ်နေကြကြောင်း သိရသည်။

**Mon**

0-0-0-0-0

STOP AIDS



နိုကီယာဖုန်းထုတ်လုပ်သော အိတ်ချ်အမ်ဒီကုမ္ပဏီက ဩဂုတ် ၂၈ ရက်တွင် မိတ်ဆက်ပြသကာ တစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၁၇၁ ဒေါ်လာဖြင့် ရောင်းချရန်စီစဉ်ထားသည့် ဘာဘီဖုန်းကို တွေ့ရစဉ်။ **Mon**




# ဆန်ကို အထိတ်တလန့် မဝယ်ကြရန်တားသည့်ကြားတွင် ဂျပန်ကုန်တိုက်များ၌ ဆန်ပြတ်လပ်မှု ထပ်မံဖြစ်ပေါ်ခဲ့



**တိုကျို ဩဂုတ် ၂၈**

ဆန်ကို အထိတ်တလန့် မဝယ်ကြရန်သက်ဆိုင်ရာက တားသည့်ကြားတွင်ပင် ဂျပန်ကုန်တိုက်များ၌ ဆန်ပြတ်လပ်မှု ထပ်မံဖြစ်ပေါ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခုနှစ်နွေရာသီတွင် မိမိတို့ကုန်တိုက်၌ ဆန်ကို ပုံမှန်အောက် ထက်ဝက်ခန့်လျော့ကာ ရရှိခဲ့ပြီး ယခုရက်ပိုင်းအတွင်း အလုအယက်ဝယ်ယူသူများပြားရာမှ ဆန်ပြတ်လပ် သွားခဲ့ခြင်းဖြစ်ကြောင်း တိုကျိုမြို့တော်ရှိ ကုန်တိုက်တစ်ခုမှ တာဝန်ရှိသူက ရှင်းပြသည်။

မိမိတို့နိုင်ငံ၌ဆန်စပါးကို ဖြေးဖြေးမှန်မှန်သာစိုက်ပျိုးခဲ့ပြီး လာမည့်တစ်ပတ်ခန့်အတွင်း ရိတ်သိမ်း ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ဂျပန်စိုက်ပျိုးရေးဝန်ကြီး တက်ဆုရှိဆကမောတောက ရှင်းလင်းပြောကြားသည်။

တိုကျိုမြို့တော်ရှိကုန်တိုက်အချို့တွင် ဆန်ကို တစ်ကြိမ်ဝယ်ယူလျှင် တစ်မိသားစုအတွက် လောက်ငရုံသာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။**Mon**

# အီတလီနိုင်ငံ စစ္စလီကျွန်း ကာလ်တန်နစ်ဆက်တာမြို့၌ ဒေသခံများ ထောင်နှင့်ချီ၍ သောက်ရေအခက်အခဲကြုံတွေ့

**ရောမ ဩဂုတ် ၂၈**

အီတလီနိုင်ငံ စစ္စလီကျွန်း ကာလ်တန်နစ်ဆက်တာမြို့၌ ဒေသခံများထောင်နှင့်ချီ၍ သောက်သုံးရေ အခက်အခဲကြုံတွေ့နေရကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

အဝီစိတွင်းနှင့် အခြားရေအရင်းအမြစ်များမှ ရေအလုံအလောက်ရရှိသူများက ထိုသို့အခက်အခဲကြုံတွေ့နေသူများကို ရေမျှဝေပေးနေသော်လည်း ရေသယ်ယာဉ်ပိုင်ဆိုင်သူများက ရေကို ဈေးမတန်တဆဖြင့် ရောင်းချလျက်ရှိကြောင်း ဒေသခံများက ပြောသည်။

ယမန်နှစ်က ရေကားတစ်စင်းပေါ်ရှိ လီတာ ၈၀၀၀ ဝင်ဆံ့သော ရေ၏တန်ဖိုးသည် ယခုနှစ်တွင် ၂ ဆဈေးတက်ကာ ယူရို ၁၀၀ ခန့်ဖြစ်နေပြီဟု ဆိုသည်။

စစ္စလီကျွန်းတွင် ၄ နှစ်ဆက်တိုက် မိုးကောင်းစွာမရွာသွန်းသဖြင့် ဒေသဆိုင်ရာအာဏာပိုင်များသည် ယခုနှစ်အစပိုင်းကတည်းက ရေရှားပါးပြတ်လပ်လာနိုင်သည်ဟု ကြိုတင်သတိပေးခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0



# အပြည်ပြည်ဆိုင်ရာနျူကလီးယားစွမ်းအင်အေဂျင်စီအကြီးအကဲ ရုရှား ကာ့စ်ခ်နျူကလီးယားစက်ရုံ သွားရောက်စစ်ဆေး

**မော်စကို ဩဂုတ် ၂၈**

အပြည်ပြည်ဆိုင်ရာနျူကလီးယားစွမ်းအင်အေဂျင်စီအကြီးအကဲ ရာဖေးလ်ဂရော့ဆီ ဩဂုတ် ၂၇ ရက်က ရုရှားနိုင်ငံရှိ ကာ့စ်ခ်နျူကလီးယားစက်ရုံသို့ သွားရောက်စစ်ဆေးကြည့်ရှုခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ရှေ့တန်းစစ်မျက်ပြင်ဒေသများနှင့် ကီလိုမီတာ ၄၀ ခန့်သာကွာဝေးသော အဆိုပါ နျူကလီးယားစက်ရုံတွင် ထိခိုက်ပျက်စီးမှုရှိ၊ မရှိနှင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးသင့်မှု အခြေအနေတို့ကို စစ်ဆေးခဲ့ခြင်းဖြစ်သည်။

၁၉၈၆ ခုနှစ်တွင် ယိုစိမ့်မှုဖြစ်ပွားခဲ့သည့် ချာနိုဘိုင်းလ်နျူကလီးယား စက်ရုံတွင် တပ်ဆင်ခဲ့သော အလယ်အလတ်ဂရပ်ဖိုက်အာဘီအမ်ကေ-၁၀၀၀ ဓာတ်ပေါင်းဖိုအမျိုးအစား လေးလုံးဖြင့် ကာ့စ်ခ်နျူကလီးယားစက်ရုံကို လည်ပတ်နေခြင်းဖြစ်ပြီး ယူကရိန်းဘက်က မသိကျိုးကျွံပြုကာ တိုက်ခိုက်ရန်ကြိုးစားခဲ့သည်ဟု ရုရှားသမ္မတ ဗလာဒီမာပူတင်က စွပ်စွဲတိုင်ကြားခဲ့သည်။

အဆိုပါ နျူကလီယားစက်ရုံနှင့် မီတာ ၁၀၀ ခန့်သာကွာဝေးသော နေရာအထိ ယူကရိန်းဘက်မှ ဒရုန်းတစ်စင်းကျရောက်ပေါက်ကွဲခဲ့ကြောင်း ရုရှားဘက်က အပြည်ပြည်ဆိုင်ရာ အနုမြူစွမ်းအင်အေဂျင်စီသို့ အထောက်အထားနှင့်တကွ ဩဂုတ် ၂၂ ရက်တွင် တိုင်ကြားခဲ့ကြောင်း သိရသည်။

**Mon**

# ပြပွဲလာ လေးနှစ်အရွယ်ကလေးက ဆွဲယူကြည့်ရှုစဉ် နှစ်ပေါင်း ၃၅၀၀ သက်တမ်းရှိသော မြေအိုးကြီးကျကွဲ

**ဂျေရုဆလင် ဩဂုတ် ၂၈**

အစ္စရေးနိုင်ငံ ဟိုင်ဖာမြို့ရှိ ဟိုင်ဖာတက္ကသိုလ်ပရိဝုဏ်အတွင်း ဖွင့်လှစ်ထားသည့် ဟက်ချ်ပြတိုက်တွင် မကြာသေးမီက ရှေးဟောင်းပစ္စည်းပြပွဲ ပြသခဲ့သည်။

ရှေးဟောင်းပစ္စည်းစိတ်ဝင်စားသောအမျိုးသားတစ်ဦးသည် ထိုပြပွဲသို့ အသက် လေးနှစ်အရွယ်သားဖြစ်သူကို အဖော်ခေါ်ပြီးသွားကြည့်ခဲ့သည်။

ပြပွဲအတွင်း နှစ်ပေါင်း ၃၅၀၀ သက်တမ်းရှိသော မြေအိုးကြီးကို ကလေးကလှမ်းဆွဲပြီး ကြည့်ရှုစဉ် ထိုအိုးကြီးအောက်သို့ ကျကွဲသွားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

**Mon**





## မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ပင်လုံ ဩဂုတ် ၂၈**

သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်နိုင်ရေးအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင် ပင်လုံမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဇာတ်တိုက်လေ့ကျင့်ခြင်းကို ဩဂုတ် ၂၁ ရက် နံနက် ၁၀နာရီက ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ လွိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူးဦးကံစောလှိုင်က အဖွင့်အမှာစကားပြောကြားပြီး လွိုင်လင်ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းမှ မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်(၄)ရပ်ဖြစ်သော မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးလုပ်ငန်းများ၊ ရှာဖွေကယ်ဆယ်ရေးနှင့်မီးငြိမ်းသတ်ရေးလုပ်ငန်းများအား ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် သဘာဝဘေးအန္တရာယ် ကျရောက်ပါက ရှာဖွေကယ်ဆယ်နည်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း၊ ရေစိုဝတ်ဖြင့်အုပ်၍ မီးငြိမ်းသတ်နည်း၊ ဂတ်(စ်)အိုးမီးငြိမ်းသတ်နည်း၊ မီးသတ်ကားများဖြင့် ရေဖျန်းသရုပ်ပြသခြင်းကို ကျောင်းသား၊ ကျောင်းသူလေးများနှင့်အတူ သရုပ်ပြသ၍ ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ဆောင်ရွက်ခဲ့သည်။

အဆိုပါဇာတ်တိုက်လေ့ကျင့်မှုကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပင်လုံမြို့အထွေထွေအုပ်ချုပ်ရေးမှူး ဦးရန်ပိုင်ဖြိုးနှင့် ဝန်ထမ်းများ၊ မြို့အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အ-ထ-က(၂) ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၁၃၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

## ဟဲဟိုးမြို့တွင် ကုန်တင်ယာဉ်တစ်စီးတိမ်းမှောက် အမျိုးသားတစ်ဦး အသက်ဆုံးရှုံး

**ဟဲဟိုး ဩဂုတ် ၂၈**

ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ မိုင်တိုင်အမှတ် (၉၇/၇)နှင့် (၉၈/၀) ကြားတွင် ကုန်တင်ယာဉ်တစ်စီးတိမ်းမှောက်မှု ဖြစ်ပွားခဲ့ပြီး ယာဉ်ပေါ်ပါ အမျိုးသားနှစ်ဦးအနက် တစ်ဦး ဒဏ်ရာရပြီး တစ်ဦးမှာ အသက်ဆုံးရှုံးခဲ့ရကြောင်း မီးသတ်တပ်ဖွဲ့သတင်းများအရ သိရသည်။

ဩဂုတ် ၂၇ရက် ညနေ ၅ နာရီ ၅မိနစ်ခန့်က အဆိုပါနေရာတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ကလောမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ဟဲဟိုးနယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ဆိုင်ကယ်စီးလာသည့် အမျိုးသမီးတစ်ဦး ဖုန်းအလုခံရပြီး ဆိုင်ကယ်လဲကျ၍ ဒဏ်ရာရရှိ

**မန္တလေး ဩဂုတ် ၂၈**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ ၁၂ လမ်းနှင့်၈၆ လမ်းထောင့်တွင် ဩဂုတ် ၂၄ ရက် မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်ခန့်က အမျိုးသမီးတစ်ဦးဆိုင်ကယ်စီးလာစဉ် ဖုန်းအလုခံရပြီး ဆိုင်ကယ်လဲကျမှုကြောင့် ဒဏ်ရာများရရှိခဲ့သည်။

ဖြစ်စဉ်မှာ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက် ၁၂ လမ်းနှင့်၈၆ လမ်းဆုံတွင် အမျိုးသမီးတစ်ဦးဆိုင်ကယ်စီးလာစဉ်နောက်မှ ဆိုင်ကယ်တစ်စီးဖြင့် လိုက်လာသော အမျိုးသားနှစ်ဦးက ဆိုင်ကယ်ရှေ့တွင် ထားသောဖုန်းအား လုယူပြီး ထွက်ပြေးသွားခဲ့ရာ ဖုန်းအလုခံရသည့် အမျိုးသမီးဆိုင်ကယ်လဲကျပြီး ဦးခေါင်းပေါက်၊ မျက်နှာပွန်းပဲ့ဒဏ်ရာများရရှိခဲ့သဖြင့် ဓာတ်ပေါင်းစုလူမှုကူညီရေးအသင်း မော်တော်ယာဉ်ဖြင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ အရေးပေါ်လူနာဌာနသို့ ပို့ဆောင်ကူညီပေးခဲ့သည်။ **မောင်ပြည်သူ(မန္တလေး)**

## တာချီလိတ်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၂၆ ရက် ညနေ ၄ နာရီတွင် သတင်းအရသက်သေများနှင့်အတူ တာချီလိတ်မြို့၊ မကာဟိုခမ်းရပ်ကွက်တွင် လော်ဒိုမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်အတွင်း သိုဝှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် လော်ဒို(၂၁)နှစ်အား တာချီလိတ်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**





## ငလိုက်ချောင်းရေမြင့်တက်၊ အိမ်ထောင်စုများအား ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်း

**နေပြည်တော် ဩဂုတ် ၂၈**

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်တွင် ဩဂုတ် ၂၄ ရက် နံနက် ၇ နာရီက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ငလိုက်ချောင်းရေမြင့်တက်လာပြီး ရွှေချိုရပ်ကွက်၊ ရွာကောက်ရပ်ကွက်တို့တွင် ရေများ ဝင်ရောက်လာသဖြင့် ပျဉ်းမနားမြို့နယ် မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီး၊ သယ်ယူပို့ဆောင်ရေးလှေ ၁၀စီး၊ သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရွှေချိုရပ်ကွက်နှင့်ရွာကောက်ရပ်ကွက်ရှိ အိမ်ထောင်စုများအား ရေဘေးလွတ်ရာ ဘုန်းတော်ကြီးကျောင်း၊ နီးစပ်ရာ ဆွေမျိုးများထံ ကူညီရွှေ့ပြောင်းပေးခြင်း၊ ငလိုက်ချောင်းအတွင်း ရေစီးရေလာကောင်းမွန်စေရန် အမှိုက်သရိုက်များဆယ်ယူရှင်းလင်းခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

(အပေါ်ပုံ)(ဝ၄၅)

## ဆေးဆိုင်များတရားမဝင်ဆေးဝါးရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေး

**ညောင်ဦး ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း ရောင်းချလျက်ရှိသော ဆေးဆိုင်များတွင် တရားမဝင်ဆေးဝါးပစ္စည်းများ ရောင်းချခြင်းရှိ၊ မရှိ စစ်ဆေးခြင်းနှင့်ပုဂံလက်ဆောင်ပစ္စည်းအရောင်းဆိုင်များမှ စားသောက်ကုန်များ ဈေးကွက်နမူနာကောက်ယူခြင်းလုပ်ငန်းကို ယမန်နေ့ နံနက် ၉ နာရီခွဲက ဆောင်ရွက်ခဲ့ရာ ညောင်ဦးခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းစိုး၊ ခရိုင်၊ မြို့နယ် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးအဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်ကွက်များအတွင်း ရောင်းချနေသော ဆေးဆိုင်များအား တရားမဝင်ဆေးဝါးများ ရောင်းချနေခြင်းရှိ၊ မရှိစစ်ဆေးခြင်းနှင့် ပုဂံလက်ဆောင်ပစ္စည်းအရောင်းဆိုင်များမှ စားသောက်ကုန်များအား ဈေးကွက်နမူနာကောက်ယူခြင်းတို့အား စစ်ဆေးကောက်ယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၈၁)

## သစ်တောရပ်ကွက်တွင် မီးလောင်မှု ဖြစ်ပွား

**တောင်ကြီး ဩဂုတ် ၂၈**

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ဘုရင့်နောင်လမ်းတွင် ဩဂုတ် ၂၇ ရက် နံနက် ဝဝ:၁ဝ နာရီခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ရှမ်းပြည်နယ်မီးသတ်ဦးစီးမှူးရုံးမှ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီး၊ တောင်ကြီးခရိုင်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ တောင်ကြီးမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်လေးစီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ထွက်ခွာငြိမ်းသတ်ရာ နံနက် ဝဝ:၃ဝ နာရီတွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ တောင်ကြီးမြို့နယ်မြေရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(ယာပုံ)

(ဝ၄၅)



## မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နည်းစနစ်နှင့် ဖွံ့ဖြိုးမှု ကော်မတီအစည်းအဝေး (၁/၂၀၂၄)ကျင်းပ ပြီးစီး

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF)နည်းစနစ်နှင့် ဖွံ့ဖြိုးမှု ကော်မတီ အစည်းအဝေး(၁/၂၀၂၄)ကို ယနေ့မွန်းလွဲ(၁း၀၀) နာရီက နိုဗိုတယ် ရန်ကုန်မက်စ်တွင် ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ နည်းစနစ်နှင့်ဖွံ့ဖြိုးမှု ကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်အောင်၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးမြတ်မင်း၊ အဖွဲ့ဝင်များဖြစ်သည့် ဦးချစ်နိုင်၊ ဦးဇော်လင်းထွန်း၊ ဦးမျိုးမင်းထွန်း၊ ဦးဟန်ဝင်းအောင်၊ ဦးကျော်ဒွန်း၊ ဦးမင်းထွန်းလင်း၊ ဦးသန်းဝဏ္ဏအောင်၊ ဒေါ်သက်သက်ဝင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်နှင့် ဌာနတာဝန်ခံများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် MFF ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီးနောက် ကော်မတီဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးနှင့် သက်ဆိုင်ရာဌာန တာဝန်ခံများက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်နှင့် ဖွံ့ဖြိုးမှုဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှုများ၊ မြန်မာ့လက်ရွေးစင်အသင်းများ၏ နိုင်ငံတကာပြိုင်ပွဲများနှင့် အသင်းလိုက် ပြင်ဆင် ဆောင်ရွက်ထားရှိမှုများ၊ အမျိုးသား၊ အမျိုးသမီး ယူ ၁၇၊ ယူ ၁၅ လူငယ်လိဂ်ပြိုင်ပွဲ ပြင်ဆင်မှုများ၊ နည်းပြသင်တန်းများနှင့် ပရိုလိုင်စင်ရရှိရေး ဆောင်ရွက်ချက်များ၊ လက်ရွေးစင်အသင်းများ၏ နည်းပြချုပ်များ ခန့်အပ်တာဝန်ပေးရေးအတွက် လျာထားချက်များကို ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

(NGB)

## သရက်ထောင်တွင် အကျဉ်းသားများကို တိုက်ပိတ်၍ ငွေခြိမ်းခြောက်တောင်းပြီး မူးယစ်ဆေးဝါးရောင်းချနေဟု မဟုတ်မမှန် လုပ်ကြံရေးသား

နေပြည်တော် ဩဂုတ် ၂၈

သရက်ထောင်တွင် အကျဉ်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူးက အကျဉ်းသားများကို တိုက်ပိတ်၍ ငွေခြိမ်းခြောက်တောင်းပြီး မူးယစ်ဆေးဝါးရောင်းချနေဟု Khit Thit အမည်ခံ Facebook Page က ဩဂုတ် ၂၂ ရက်တွင် မဟုတ်မမှန် လုပ်ကြံသတင်းရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ သရက်အကျဉ်းထောင် တာဝန်ခံအရာရှိသည် အကျဉ်းထောင်ဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် မည်သည့်အကျဉ်းသားကိုမှ မတရားရိုက်နှက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ငွေကြေးတောင်းခံခြင်း မပြုလုပ်ရန် မှာကြားပြောဆို ကြပ်မတ်လျက်ရှိပြီး အကျဉ်းထောင်အတွင်းသို့ မူးယစ်ဆေးဝါး၊ တယ်လီဖုန်း စသည့်တားမြစ်ပိတ်ပင်ပစ္စည်းများ ဝင်ရောက်မှု မရှိရေးအတွက် နေ့စဉ်သာမန်ရှာဖွေခြင်း၊ အထူးရှာဖွေခြင်းများကို ဝန်ထမ်းများဖြင့် ဆောင်ရွက်လျက်ရှိသည့်အပြင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ နှစ်ပတ်တစ်ကြိမ် အထူးရှာဖွေခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကျဉ်းထောင်အတွင်း၌ တားမြစ်ပစ္စည်းများ ရှာဖွေ သိမ်းဆည်းရမိပါက တည်ဆဲဥပဒေနှင့်အညီ အမှုဖွင့်လှစ်၍ အရေးယူဆောင်ရွက်လျက်ရှိကြောင်း။

### ထိရောက်စွာအရေးယူသွားမည်

အကျဉ်းထောင်မှ ချုပ်သစ်၊ ကျသစ်များကို လက်ခံရရှိသည်နှင့် တိုက်ခန်းတွင် Quarantine ၁၄ ရက် သီးခြားထိန်းသိမ်းထားရှိပြီး သတ်မှတ်ကာလပြည့်သူများကို တာဝန်ခံအရာရှိ၏ကြီးကြပ်မှုဖြင့် အိပ်ဆောင်များသို့ ပြောင်းရွှေ့နေရာချထားပေးလျက်ရှိပြီး ချုပ်သစ်၊ ကျသစ်များကို တိုက်ပိတ်ပြီး ခြိမ်းခြောက်၍ ငွေတောင်းခြင်းမရှိဘဲ ငွေတောင်းခံကြောင်း စစ်ဆေးပေါ်ပေါက်ပါက ထိရောက်စွာ အရေးယူသွားမည်ဖြစ်သည်ကို ဝန်ထမ်း၊ အကျဉ်းသားနှင့် ၎င်းတို့၏ မိသားစုများကိုလည်း အသိပေးထားပြီးဖြစ်ကြောင်း။

အကျဉ်းသားအရာရှိ၊ အလုပ်ကြပ်အကျဉ်းသားနှင့် ညကင်းစောင့် အကျဉ်းသားများကို အကျဉ်းထောင် လက်စွဲဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးအပ်၍ ဝန်ထမ်းများမှ အနီးကပ်ကြပ်မတ်ကွပ်ကဲစေလျက်ရှိပြီး အကျဉ်းသားများအား လက်သပ်မွေးခြင်းမျိုး မရှိကြောင်း၊ အကျဉ်းထောင်တိုင်းတွင် ပင်ပန်းသည့်အလုပ်မရှိဘဲ အကျဉ်းသားအများစုကို ၎င်းတို့၏အိပ်ဆောင်၊ အခန်းနှင့် အိပ်ဆောင်ပတ်ဝန်းကျင်များ၏သန့်ရှင်းရေးကိုသာ တာဝန်ပေးအပ်စေခိုင်းပြီး မတန်တဆအလုပ်ကြမ်းခိုင်းစေခြင်းမျိုး မရှိကြောင်း။

Khit Thit အမည်ခံ Facebook Page က ဖော်ပြခဲ့သည့် လက်ထောက်ကြီးကြပ်ရေးမှူး(၁)ကျော်ဇေယျာစိုးသည် မည်သည့်အကျဉ်းသား/အချုပ်သားကိုမှ အကြောင်းမဲ့တိုက်ပိတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မတရားရိုက်နှက်ခြင်း၊ ငွေကြေးတောင်းခံခြင်းမျိုးမရှိဘဲ မူးယစ်ဆေးဝါးရောင်းချခြင်းလည်းမရှိကြောင်း အကျဉ်းထောင်တာဝန်ရှိသူထံမှ သိရသည်။

### ဟုတ်မမှန်လုပ်ကြံရေးသားထား

သရက်အကျဉ်းထောင်တွင် အကျဉ်းထောင်၏ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို အကျဉ်းထောင်အက်ဥပဒေ၊ လက်စွဲဥပဒေများနှင့်အညီ အထူးအလေးထား ဆောင်ရွက်လျက်ရှိသည့်အတွက် Khit Thit အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာ ဖြစ်သည်။

ကိုဖြိုး

## လက်ပံတန်းမြို့နယ် ရေင်ကျေးရွာနှင့် အုပ်ဖိုကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

နေပြည်တော် ဩဂုတ် ၂၈

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ရေင်ကျေးရွာနှင့် အုပ်ဖိုကျေးရွာတို့ကို ဩဂုတ် ၂၇ ရက် ညပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ ဩဂုတ် ၂၇ ရက်က ရေင်ကျေးရွာအနီးတွင် PDF အမည်ခံ အကြမ်းဖက်သမားများရောက်ရှိနေပြီး အင်အားစုဖွဲ့လျက်ရှိကြောင်း ဒေသခံကျေးရွာသားများ၏ လျှို့ဝှက်သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေး ဆောင်ရွက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် ၎င်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည့်သတင်းမှာ သတင်းအမှားသာဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ပြည်သူများမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေမည့် သတင်းအမှားများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချခြင်း စသည့်လှုံ့ဆော်ဝါဒဖြန့်ဝေနေသည့် သတင်းများကိုသာ ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## တောင်ကြီးမြို့နယ်၌ ရေခဲသေတ္တာသုံး Safe Guard အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

နေပြည်တော် ဩဂုတ် ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ဩဂုတ် ၂၇ ရက်က ရေခဲသေတ္တာသုံး Safe Guard အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၆ ရက် ည ၁၂ နာရီ ၅ မိနစ်ခန့်တွင် တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ "SHABU SHABU" အကင်စုံဆိုင်၌ မီးလောင်မှု ဖြစ်ပွားကြောင်းသတင်းအရ တောင်ကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ တောင်ကြီးမြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ရှစ်စီး၊ ရေသယ်ယာဉ် နှစ်စီးတို့ဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ မိနစ် ၃၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။ ဖြစ်စဉ်ကိုစိစစ်ခဲ့ရာ ရတနာသီရိရပ်ကွက်နေ ဆိုင်ပိုင်ရှင်ဖြစ်သူ ဦးဇော်မင်းထွေး ၄၂ နှစ်သည် အကင်ဆိုင်ကိုပိတ်၍ နေအိမ်သို့ပြန်သွားစဉ် ဆိုင်ခန်းအတွင်းရှိ ရေခဲသေတ္တာသုံး Safe Guard အပူလွန်ကဲရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ပြီး ဈေးဆိုင်သုံးပစ္စည်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သောကြောင့် ဇော်မင်းထွေးအား တောင်ကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှု လုပ်ဆောင်ခဲ့သည့် "Haymar Hnin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၇)ရပ်ကွက်နေ ဟေမာနှင်းအား မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "@aungkoooo5775" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ လှိုင်သာယာမြို့နယ်နေ အောင်ကိုဦးအား ည ၉ နာရီတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတကာ အားကစား သတင်းများ



## 2024 US Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ Iga Swiatek တက်ရောက်

**နယူးယောက်ခ် ဩဂုတ် ၂၈**

အမေရိကန်နိုင်ငံ၊ နယူးယောက်ခ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 US Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ပိုလန်တင်းနစ်မယ်Iga Swiatek တက်ရောက်ခဲ့သည်။

အဆိုပါ ပိုလန်တင်းနစ်မယ် Iga Swiatek သည် 2024 US Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် ရုရှားတင်းနစ်မယ် Kamilla Rakhimova အား ၆-၄၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2024 US Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ပိုလန်တင်းနစ်မယ် Iga Swiatek နှင့် ဂျပန်တင်းနစ်မယ် Ena Shibahara တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**(အပေါ်ပုံ)(NGB)**

## မီခေးလ်မယ်ရီနို အာဆင်နယ်အသင်းတွင် ကျောနံပါတ် ၂၃ ဂျာစီအား ဝတ်ဆင်ကစားမည်

**လန်ဒန် ဩဂုတ် ၂၈**

ကွင်းလယ်ကစားသမား မီခေးလ်မယ်ရီနို အာဆင်နယ်အသင်းတွင် ကျောနံပါတ် ၂၃ ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ဆိုစီဒက်အသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၃၂သန်း+ Add-ons၅သန်းဖြင့် လေးနှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။




ကွင်းလယ်ကစားသမား မီခေးလ်မယ်ရီနိုသည် ဆိုစီဒက်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၄၂ ပွဲကစားပြီး ၂၇ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အာဆင်နယ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ၃ ဦးအထိ ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။

**(ဝဲပုံ)**
**(NGB)**

## ဂိုးသမား ဆဇက်စနီ ဘောလုံးကစားသမားဘဝမှ အနားယူ



**လန်ဒန် ဩဂုတ် ၂၈**

ပိုလန်လက်ရွေးစင်အသင်း ဂိုးသမား ဆဇက်စနီ ဘောလုံးကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားသည် ကစားသမားဘဝတစ်လျှောက်တွင် အာဆင်နယ်၊ ရိုးမား၊ ဘရန့်ဖို့ဒ်၊ ဂျူဗင်တပ် စသည့် ကလပ်အသင်းများတွင်ကစားပြီး အောင်မြင်မှုများရယူနိုင်ခဲ့သလို၊ ပိုလန်လက်ရွေးစင်အသင်းနှင့်လည်း ၂၀၀၉ မှ ၂၀၂၄ အထိ ပြိုင်ပွဲပေါင်း ၈၄ ပွဲထိ ကစားကာ လက်စွမ်းပြထားနိုင်ခဲ့သည်။

အသက်(၃၄)နှစ်အရွယ်ရှိ ဆဇက်စနီက ကျွန်တော် ဘောလုံးကစားသမားဘဝမှ အနားယူပါပြီ။ ကျွန်တော် ဘောလုံးကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ ကျွန်တော်ကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီတိုင်းကိုလည်း အထူးကျေးဇူးတင်ပါတယ်ဟု ပြောသည်။

**(အပေါ်ပုံ)(NGB)**

## မိုက်ပန်ဒါစ်အား ၂၀၃၂ ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ချဲလ်ဆီးအသင်း ခေါ်ယူ



**လန်ဒန် ဩဂုတ် ၂၈**

ချဲလ်ဆီးအသင်းသည် ဘယ်လ်ဂျီယံကလပ် KRC ဂျန့်အသင်း ဂိုးသမား မိုက်ပန်ဒါစ်အား ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀ ဖြင့် ၂၀၃၂ ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၉)နှစ် အရွယ်ရှိ ဂိုးသမားသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ဂိုးသမား မိုက်ပန်ဒါစ်သည် လာမည့် နွေရာသီမှသာ ချဲလ်ဆီးအသင်းသို့ လာရောက်ပူးပေါင်းသွားမည်လည်း ဖြစ်သည်။

ချဲလ်ဆီးအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားအင်အားများကို ဆက်တိုက်ဖြည့်တင်းနေပြီး ကစားသမား ၁၂ ဦးအထိ ခေါ်ယူထားနိုင်ပြီ ဖြစ်သည်။

**(အပေါ်ဝဲပုံ)**
**(NGB)**

## ကွန်ဆေးဆိုအား တစ်ရာသီအငှားစာချုပ်ဖြင့် ဂျူဗင်တပ်အသင်း ခေါ်ယူ



**တူရင် ဩဂုတ် ၂၈**

ဂျူဗင်တပ်အသင်းသည် ပေါ်တိုအသင်းတောင်ပံကစားသမား ကွန်ဆေးဆိုအား တစ်ရာသီအငှားဖြင့်ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ပေါ်တိုအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၃ ပွဲကစားကာ ၈ ဂိုးသွင်းယူပြီး အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းက အငှားဖြင့် ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ဂျူဗင်တပ်အသင်းထုတ်ပြန်ချက်တွင် ကွန်ဆေးဆိုအား အငှားဖြင့်ခေါ်ယူခဲ့ပါပြီ။ သူအနေနဲ့လည်း အသင်းကို များစွာပံ့ပိုး ကူညီနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားတွေ ထပ်မံခေါ်ယူသွားဦးမှာပါဟု ထုတ်ပြန်သည်။ **(ဝဲပုံ)(NGB)**

### ယူရိုပါလိဂ်ခြေစစ်ပွဲစဉ်များ (ဒုတိယအကျော့) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၉-၈-၂၀၂၄ ကြာသပတေးနေ့ | ည ၁၁း၃၀နာရီ | APOEL - ဂိုဂတ်စ် |
| ။ | ။ | ဗိသရိုကာဝ်စ် - လူဒိုဂိုရက်စ် |
| ။ | ။ | အဲလ်ဖ်ဘော့ - မိုလ်ဒီ |
| ၃၀-၈-၂၀၂၄ သောကြာနေ့ | နံနက် ၁၂း၃၀နာရီ | အေဂျက်စ် - ဂျာဝယ်လိုနီယာ |
| ။ | ။ | အန်းဒါးလက်ချ် - ဒိုင်နမိုမင့်စ် |
| ။ | ။ | ဘီဆစ်တဝ်စ် - လူဂါနို |
| ။ | နံနက် ဝ၁း၀၀နာရီ | စတူအာဘွဲ့ဂရက် - LASK |
| ။ | နံနက် ၁း၁၅နာရီ | ဟက်စ် - ပယ်လ်ဇန် |
| ။ | နံနက် ၁း၃၀နာရီ | ဘိုရက် - ဗီရန်တရို့စ် |
| ။ | ။ | ရက်ပစ်ဗီအန် - ဘရာဂါ |
| ။ | ။ | ရှမ်းရော့ခ်ရိုဗာ - PAOK |
| ။ | ။ | TSC - မက္ကာဘီတဲလ်အဗစ် |

## မက်ဂူဟီအား ခေါ်ယူရန် နယူးကာဆယ်အသင်း သဘောတူညီမှု ရရှိ

**လန်ဒန် ဩဂုတ် ၂၈**

နယူးကာဆယ်အသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်း နောက်ခံကစားသမား မက်ဂူဟီအား ခေါ်ယူရန်သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၃ ပွဲကစားကာ ၅ ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။




နယူးကာဆယ်အသင်းသည် နောက်ခံကစားသမား မက်ဂူဟီအတွက် ခရစ္စတယ်ပဲလေ့စ်အသင်းထံ ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၇၀ ဝန်းကျင် ပေးချေခဲ့ရကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် မက်ဂူဟီအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိမည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

**(ဝဲပုံ)(NGB)**

### ဘောလုံးသတင်း အတို့ အထွာများ

* မန်ချက်စတာ ယူနိုက်တက်အသင်း ကွင်းလယ်ကစားသမား တော်မီနေးသည် နာပိုလီအသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* လေဗာကူဆင်အသင်းသည် လီဗာပူးအသင်း ကွင်းလယ်ကစားသမား တိုင်လာမော်တန်အား ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* အာဆင်နယ် အသင်းနည်းပြ အာတီတာက မိမိ၏စာချုပ်သက်တမ်းကို လက်ရှိနွေရာသီအပြောင်းအရွှေ့ဈေးကွက်ပြီးဆုံးချိန်မှသာ ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(NGB)**

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၉-၈-၂၀၂၄ ကြာသပတေးနေ့ | ည ၁၁း၃၀ နာရီ | ဂျီရိုနာ - အိုဆာဆူနာ (D,L) (D,W) | ဂျီရိုနာ ၂-၀ အိုဆာဆူနာ<br>အိုဆာဆူနာ ၂-၄ ဂျီရိုနာ |
| ၃၀-၈-၂၀၂၄ သောကြာနေ့ | နံနက်ဝ၂း၀၀နာရီ | လက်ပါးမက်စ် - ရီးရဲလ်မက်ဒရစ် (D,L) (D,W) | လက်ပါးမက်စ် ၁-၂ ရီးရဲလ်မက်ဒရစ်<br>ရီးရဲလ်မက်ဒရစ် ၂-၀ လက်ပါးမက်စ် |

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး (ခရိုင်အဆင့်) ပြိုင်ပွဲ အခမ်းအနားကျင်းပ

**အောင်လံ ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး (ခရိုင်အဆင့်)ပြိုင်ပွဲ အခမ်းအနားကို ၂၈ ရက် နံနက် ၉ နာရီက အောင်လံမြို့၊ အထက(၁) ရွှေရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့ဆိုင်းဝိုင်းကြီးက ပဉ္စသိခ်သီချင်းဖြင့် တီးခတ်သီဆို၍ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အောင်လံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သန်းက ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်မောင်မယ်များက 'ကောင်းကျိုးလိုရာ ဆန္ဒ'သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး အမှတ်ပေးဒိုင်များ မိတ်ဆက်ခြင်းနှင့်စည်းကမ်းချက်များကို ဒိုင်များအားလုံးကိုယ်စား ဆရာကြီးဦးတင်ဝင်းက ရှင်းလင်းခဲ့သည်။ ဆက်လက်၍ အခြေခံပညာ (၁၀-၁၅) အဆင့် မဟာဂီတ အဆိုယှဉ်ပြိုင်ခြင်း၊ အခြေခံပညာ (၁၀-၁၅) အဆင့် ခေတ်ဟောင်း၊ ကာလပေါ် အဆိုယှဉ်ပြိုင်ခြင်း၊ အခြေခံပညာ(၁၅-၂၀) အဆင့် မဟာဂီတ အဆိုယှဉ်ပြိုင်ခြင်း၊ အခြေခံပညာ (၁၅-၂၀) အဆင့် တစ်ဦးချင်း စန္ဒရား တီးခတ်ယှဉ်ပြိုင်ခြင်း၊ အခြေခံပညာ (၁၅-၂၀) အဆင့် ခေတ်ဟောင်း၊ ကာလပေါ် အဆိုယှဉ်ပြိုင်ခြင်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးဂုဏ်၊ ဇာတိဂုဏ်) အဆိုယှဉ်ပြိုင်ခြင်း၊ ဝါသနာရှင်(၃) အဆင့် ခေတ်ဟောင်း၊ ကာလပေါ် အဆိုယှဉ်ပြိုင်ခြင်း၊ ဝါသနာရှင် (၃)အဆင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် အဆိုယှဉ်ပြိုင်ခြင်းများ ပါဝင်ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲဝင် အမျိုးသားရှစ်ဦး၊ အမျိုးသမီး ခုနစ်ဦး၊ စုစုပေါင်း ၁၅ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**အာကာ(ပြန်/ဆက်)**



# စာကြည့်တိုက်အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

**တပ်ကုန်း ဩဂုတ် ၂၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ သရက်ပင်ကျေးရွာတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မ,တည်ငွေဖြင့် တည်ဆောက်မည့် စာကြည့်တိုက်အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ စာကြည့်တိုက်ဆောက်လုပ်မည့်မြေနေရာတွင် ကျင်းပသည်။

အခမ်းအနားတွင် တပ်ကုန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၂) ဒေါက်တာခင်မောင်ထွန်းက အမှာစကားပြောကြားပြီး စာကြည့်တိုက်အဆောက်အအုံသစ် ဆောက်လုပ်မည့် မြေနေရာအား အဖွဲ့ဝင်(၂)၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်မြင့်မိုး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်ခိုင်နှင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးသွယ်တို့က မင်္ဂလာအချိန်တွင် ပန္နက်တင်ပေးခဲ့သည်။



အဆိုပါကျေးရွာတွင် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှု ကော်မတီမှ မ,တည်ငွေကျပ်သိန်း ၁၅၀ ဖြင့် အလျားပေ ၂၀၊ အနံပေ ၂၀ ရှိ တစ်ထပ် စာကြည့်တိုက်အဆောက်အအုံသစ် တည်ဆောက်မည်ဖြစ်ပြီး အိမ်ထောင်စု ၃၆၃ စု၊ လူဦးရေ ၁၅၆၉ ဦး နေထိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကဆောင်ရွက်ကြကြောင်း သိရသည်။ **(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**မိတ္ထီလာ ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အမှတ်(၄၅)အခြေခံမူလတန်းကျောင်းတွင် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျောင်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆရာ၊ ဆရာမများက ရွှင်လန်းနိုင်ကြပါစေ သီချင်းဖြင့် ဖွင့်လှစ်ခဲ့ပြီး မြို့နယ်ပညာရေးမှူး ဦးဝင်းလှိုင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ၎င်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က ကျောင်းစာကြည့်တိုက်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ကျောင်းစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များအား လှူဒါန်းခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချစ်ချစ်လှက လက်ခံယူခဲ့သည်။ ၎င်းနောက် ကျောင်းအုပ်ဆရာမကြီးက ကျောင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ဆရာမ ဒေါ်ကြူကြူဝင်းက မိဘဆရာအသင်း အမည်စာရင်းနှင့် ကျောင်းအကျိုးဆောင်အဖွဲ့အမည်စာရင်းကို ဖတ်ကြားခဲ့သည်။ ထို့နောက် ကျောင်းအကျိုးဆောင်အဖွဲ့ဝင် ဦးသိန်းမြင့်နှင့် ကျောင်းသားမိဘများကိုယ်စား ကျောင်းသားမိဘ ဦးမောင်မြင့်တို့က ကျေးရွာ၏ပညာရေးလုပ်ငန်းများအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများအား ရှင်းလင်းပြောကြားခဲ့ပြီး မိဘဆရာအသင်းဝင် ဦးသိန်းစိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများ၊ ပထမဆု ဆက်တိုက်ရရှိခဲ့သော ကျောင်းသား၊ ကျောင်းသူများနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက အကများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **(၄၆၉)**

# နှမ်းသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိစေရန် စနစ်တကျ စိုက်ပျိုးရန်လိုအပ်

**မန္တလေး ဩဂုတ် ၂၈**

နှမ်းသီးနှံ တစ်ဧက ပန်းတိုင်အထွက်နှုန်း ကောင်းမွန်စေရန်အတွက် စနစ်တကျစိုက်ပျိုးရန် လိုအပ်ကြောင်း စိုက်ပျိုးရေးပညာရှင်များက အကြံပြုထားသည်။

စိုက်ပျိုးနည်းစနစ်အနေဖြင့် နှမ်းသီးနှံကို တပင်တိုင်မျိုးနှင့် ကိုင်းဖြာမျိုးများအတွက် တန်းကြား၊ ပင်ကြား (၁၂လက်မ-၁၅လက်မ × ၄လက်မ) ခြားထားပါက ပေါင်းနှိမ်နင်းရန်အတွက် လွယ်ကူသည်။ တစ်ဧက မျိုးစေ့နှစ်ပြည်နှုန်းနှင့် အသင့်လျော်ဆုံး အပင်အရေအတွက်မှာ တစ်သိန်းခန့်ရှိရန် လိုအပ်သည်။

သဘာဝမြေဩဇာနှင့် သစ်စိမ်းမြေဩဇာများကို ၃-၅တန်ထိ မြေပြင်ချိန်တွင် နှစ်စဉ်ထည့်ပေးသင့်သည်။

အထွက်နှုန်းကောင်းရန်အတွက် မြေဆီလွှာ ကောင်း၊ သင့်၊ ညံ့ အပေါ်မူတည်၍ စိုက်ပျိုးရာသီတစ်လျှောက် သင့်တင့်သော ဓာတ်မြေဩဇာများကို အချိုးညီ အချိန်ကိုက် ကျွေးသင့်သည်။ မြေဩဇာ အသင့်အတင့်ကြွယ်ဝသောမြေအတွက် (၂၆း၁၃း၇) (နိုက်ထရိုဂျင်၊ ဖော့စ်ဖရပ်စ်၊ ပိုတက်) ကီလိုဂရမ် ဧကနှုန်းထားအား အသုံးပြုသင့်သည်။

နှမ်းသီးနှံတွင် နှမ်းဖိုရောဂါ နှမ်းပင်ညှိုးရောဂါ၊ အမြစ်နှင့်ပင်စည်ပုပ်ရောဂါများ ကျရောက်တတ်သည်။ ဖျက်ပိုးအနေဖြင့် ရွက်လိပ်ပိုး၊ နှမ်းတောင့်တဲ၊ ဖြုတ်မျိုး၊ နှမ်းဖလံနှင့် နှမ်းစေ့စုပ်ဂျပိုးများ ကျရောက်တတ်သည်။

နှမ်းဖိုရောဂါသည် ဖြုတ်ပိုး (ဖြုတ်ညို)မှတစ်ဆင့် ကူးစက်သည်။ ဖြုတ်ပိုးကျရောက်ချိန်ကို အချိန်မီသိရှိရန် လိုအပ်သည်။ ဖြုတ်ပိုးစုပ်စားမှုကြောင့် အပင်ကို ထိခိုက်ပျက်စီးမှုမရှိသော်လည်း နှမ်းဖိုရောဂါဖြစ်စေသော သက်ရှိကို သယ်ဆောင်သောကြောင့် နှမ်းဖိုရောဂါ ကူးစက်ပြန့်ပွားစေသည်။ အပင်ကြီးထွားချိန်တစ်လျှောက် ကျရောက်နိုင်သည်။

သင့်တော်သော ပိုးသတ်ဆေးဖျန်းရန် လိုအပ်သည်။ ပေါင်းမြက်များကို ရှင်းလင်းခြင်း၊ သီးနှံစိုက်ပျိုးခြင်း၊ မျိုးစေ့ကို ဆေးစီရင်ခြင်းများ ပြုလုပ်ခြင်း၊ ပင်လုံးပြန့် ပိုးသတ်ဆေးတစ်မျိုးမျိုး ပက်ဖျန်းခြင်း၊ အခြားစိုက်ခင်းများထက် စောစောစိုက်ပျိုးခြင်းကို ရှောင်ကြဉ်ပြီး နှမ်းပင်ငယ်စဉ် ပင်လုံးပြန့်ပိုးသတ်ဆေး တစ်မျိုးမျိုးဖြင့် ဖြုတ်ပိုးကို ကာကွယ်ရမည်။ ရောဂါကျ အပင်များကို နုတ်ယူဖျက်ဆီးပစ်ရမည်။

မြေအမျိုးအစားအနေဖြင့် နှမ်းသည် လုံလောက်သော အစိုဓာတ်ထိန်းထားနိုင်ရန်အတွက် ရေသွင်းရေထုတ်ကောင်းမွန်သော သဲဆန်သောမြေကို နှစ်သက်သည်။ မိုးနှောင်း ထွန်ရေးခံခြင်းနှင့် မြေကို မွှန့်ညက်အောင် ထွန်ယက်ခြင်းများ ဆောင်ရွက်သင့်သည်။



စိုက်ပျိုးချိန်အနေဖြင့် အသင့်တော်ဆုံးအချိန်မှာ မိုးနှမ်းကို မေ၊ ဇွန်မှ ဩဂုတ်၊ စက်တင်ဘာအထိ၊ ဆောင်းနှမ်းကို အောက်တိုဘာ၊ နိုဝင်ဘာ၊ နွေနှမ်းကို ဖေဖော်ဝါရီ၊ မတ်တို့တွင် ရာသီမှန် စိုက်ပျိုးသင့်သည်။

မျိုးရွေးချယ်ခြင်းအနေဖြင့် နှမ်းစိုက်ပျိုးရန် ဈေးကွက်ရှိ၍ ရေမြေဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့် အထွက်နှုန်းကောင်းမျိုးများကို ရွေးချယ်စိုက်ပျိုး၍ အထွက်နှုန်းကောင်း မျိုးများမှာ ဆင်းရေတနာ-၂၊ ဆင်းရေတနာ-၃၊ ဆင်းရေတနာ-၄၊ ဆင်းရေတနာ-၅၊ မကွေး-၇၊ မကွေး-၇/၉၊ စမုန်နက်မျိုးများကို စိုက်ပျိုးသင့်သည်။

နှမ်းပင် သက်တမ်းအလိုက် ပြုစုစောင့်ရှောက်ခြင်းကို စိုက်ပြီး ၃၀-၃၅ ရက်အတွင်း ပေါင်းမြက်များ အပြီးရှင်းသင့်သည်။ နွေနှမ်းတွင် ရေသွင်းပေးပါက အထွက်နှုန်း သိသာစွာ ထွက်ရှိကြောင်း တွေ့ရှိရပြီး အပင်ကြီးထွားချိန်တွင် (၂-၃)ကြိမ် ရေသွင်းပေးရန် လိုအပ်သည်။

ရိတ်သိမ်းမှုအနေဖြင့် နှမ်းပင်များ ကောင်းစွာရင့်မှည့်ပြီး ပန်းပွင့်မှ ရပ်သွားချိန် အရွက်များ အဝါရောင်ပြောင်းပြီး စတင်ကြွေလာချိန်နှင့် သီးတောင့်များ အစိမ်းရောင်ရှိပြီး အစိုဓာတ်ပမာဏ အသင့်အတင့်ရှိသောအချိန်တွင် ရိတ်သိမ်းရမည်။

အရည်အသွေးကောင်း နှမ်းရရှိရေးအတွက် နှမ်းပင်များ ရိတ်သိမ်းပြီး ချက်ချင်းစည်း၍ နေလှန်းရမည်။ သို့မှသာ အက်ဆစ်လွတ်နှမ်း အရည်အသွေးကောင်းများ ရရှိမည် ဖြစ်သည်။

နှမ်းသီးနှံမှ နှမ်းဆီ၊ နှမ်းယို၊ နှမ်းလှော်၊ နှမ်းဖတ်၊ နှမ်းလှော်ဆီမွှေး စသည်တို့ကို ထုတ်လုပ်ရရှိကြောင်း သိရသည်။

**(ဝဲပုံ)ရွှေမန်း**




# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပ

**တာချီလိတ် ဩဂုတ် ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့တွင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် ခရိုင်အဆင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အောင်မြတ်ခန်းမ၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုက အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေး၊ မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ် အနုသုခုမများ၊ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်မပျက် မတိမ်ကောအောင် ဆက်လက်ထိန်းသိမ်းရန် တိုင်းရင်းသားအားလုံးတွင် တာဝန်ရှိကြောင်း၊ မျိုးဆက်သစ်လူငယ်များအနေဖြင့် မိမိတို့၏ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများကို မြတ်နိုးတန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဂီတအစည်းအရုံး(တာချီလိတ်)နှင့် မြန်မာနိုင်ငံသဘင်အစည်းအရုံး (တာချီလိတ်)မှ အဆို ဦးအေးချို နှင့် အက မငြိမ်းငြိမ်းနတို့က "ချောကလျှာ" တေးသီချင်းဖြင့် အဖွင့်ဂုဏ်ပြုတင်ဆက်ကာ ပြိုင်ပွဲကျင်းပရေးကော်မတီ အကဲဖြတ်ဒိုင်ချုပ်မှ အမှတ်ပေးစည်းမျဉ်းများအား ရှင်းလင်းပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် ပြိုင်ပွဲအား ဆက်လက်ကျင်းပရာ အခြေခံပညာအဆင့် အသက် ၁၀ နှစ်မှ ၁၅ နှစ်၊ အသက် ၁၅ နှစ်မှ ၂၀ နှစ်အထိ အကပြိုင်ပွဲ၊ ဝါသနာရှင် (ဒုတိယတန်း) အကပြိုင်ပွဲ၊ အခြေခံပညာအဆင့် အသက် ၁၀ နှစ်မှ ၁၅ နှစ် စန္ဒယားအတီးပြိုင်ပွဲနှင့် အခြေခံကဗျာလွတ် အကများဖြင့် ကဏ္ဍအလိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး တက်ရောက်လာသည့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့မိ၊ မြို့ဖနှင့် ဧည့်ပရိသတ်များအား တိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များမှရိုးရာအကအလှများဖြင့် ဧည့်ခံဖျော်ဖြေခဲ့သည်။

ဆက်လက်၍ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် ခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည့် မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များနှင့် အကဲဖြတ်အမှတ်ဒိုင်များအား ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ က ဂုဏ်ပြုဆုများ အသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေး ဟောပြောခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်း ဆောင်ရွက်

**မိတ္ထီလာ ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်း အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက်က ကန်တော်မင်္ဂလာခန်းမတွင် ကျင်းပခဲ့သည်။



၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေး ရှင်းလင်းပွဲတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးက သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဌေးဝင်းက သန်းခေါင်စာရင်းဆိုင်ရာရည်ရွယ်ချက်၊ သမိုင်းကြောင်း၊ ကောက်ယူမည့်နည်းလမ်း၊ ကောက်ယူမည့် အိမ်ထောင်စုမေးခွန်းပုံစံနှင့် အဖွဲ့အစည်းမေးခွန်းများ စသည့် အကြောင်းအရာများကို အသိပညာပေး ရှင်းလင်းခဲ့ရာ တက်ရောက်လာသူများမှ သန်းခေါင်စာရင်းဆိုင်ရာများနှင့်ပတ်သက်၍ မေးမြန်းလာမှုအား ပြန်လည်ဖြေကြားခဲ့သည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးရှင်းလင်းပွဲကို မြို့နယ်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ရပ်မိရပ်ဖများနှင့် လုပ်ငန်းရှင် စုစုပေါင်း ၁၈၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၆၉)**

# ကျွန်းလှမြို့နယ်၌ အစေ့ထုတ်ပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



**ကျွန်းလှ ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်းကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးသော အစေ့ထုတ်ပြောင်း စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

"ကျွန်တော် ဒီနှစ် မိုးရာသီမှာ အစေ့ထုတ်ပြောင်း နှစ်ဧက စိုက်ပျိုးထားပါတယ်။ တချို့ တောင်သူတွေ ပဲစင်းငုံသီးနှံနဲ့ သီးညှပ်စိုက်ပျိုးကြပါတယ်။ ယခုအခါ ပြောင်းစိုက်ခင်းမှာ ပြောင်းဖူးတွေ ဖူးနေပြီး အောင်မြင်ဖြစ်ထွန်းနေပါတယ်"ဟု ရှမ်းစုကျေးရွာ ပြောင်းစိုက်ပျိုးသူတစ်ဦးက ပြောသည်။

အဆိုပါ အစေ့ထုတ်ပြောင်း စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရန်အတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဖောင်မြောက်တောင်ပိုးကြိုတင်ကာကွယ်ရေး ပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ မြေဩဇာစနစ်တကျ အချိန်ကိုက်ထည့်သွင်းခြင်း အသိပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းစိုက်ပျိုးရန် ၁၄၉၉၅ ဧက လျာထားပြီး ယနေ့အထိ ၁၅၀၁၂ ဧက (၁၀၀ ဒသမ ၁၁) ရာခိုင်နှုန်း စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **(အပေါ်ပုံ)(၄၈၀)**

# ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး Computer Software သင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပ

**ကျောက်ဆည် ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ၊ ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန် ရည်ရွယ်ဖွင့်လှစ်သည့်ComputerSoftware သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦးက သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းမှ ပို့ချသင်ကြားပေးသည့် ကွန်ပျူတာဆော့လ်ဝဲနည်းပညာများကို လက်တွေ့အသုံးချပြီး ဌာနလုပ်ငန်းများကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့သည်။

၎င်းသင်တန်းကို ဌာန၏ ခွင့်ပြုငွေကျပ် ၁၅ သိန်းဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းတွင် သင်တန်းနည်းပြအဖြစ် ပြင်ပမှ Computer Software နည်းပညာရှင် ဦးစည်သူနှင့် ဒေါ်ဆုနွယ်နှင်းတို့က ကွန်ပျူတာနည်းပညာ ဆော့ဖ်ဝဲရေးဆွဲနည်းစနစ်များ၊ ဓာတ်ပုံပြုပြင်နည်းပညာများနှင့် ကွန်ပျူတာ စနစ်တကျ ကိုင်တွယ်အသုံးပြုပုံ နည်းစနစ်များ ကို ဩဂုတ် ၁၂ ရက်မှ ၂၃ ရက်အထိ (၁၂)ရက်ကြာ စာတွေ့ လက်တွေ့ စနစ်တကျ သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ ၊ သင်တန်းနည်းပြများနှင့် ကျောက်ဆည်ခရိုင်ရုံးနှင့် ခရိုင်အတွင်းရှိ မြို့နယ် (၃)မြို့နယ်မှ ဝန်ထမ်း ၁၀ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၄၅)**




သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး ။



## ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျွန်းလှ ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် စပါးအပြင် ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်နှင့် အခြားသီးနှံစိုက်ပျိုးလျက်ရှိရာ ယခုနှစ် မိုးရာသီ၌ စိုက်ပျိုးသော မိုးမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ကျွန်တော် မိုးမြေပဲကို မေလကစတင်ပြီး သုံးဧက စိုက်ပျိုးထားပါတယ်။ ဒီနှစ်က မျိုးစေ့ဖိုး၊ လုပ်အားခနဲ့ သွင်းအားစုပစ္စည်းတွေ ဈေးကြီးတော့ တစ်ဧက ငွေကျပ်ငါးသိန်းကျော်ခန့် ကုန်ကျပါတယ်။ စိုက်ပျိုးပြီး မိုးရွာသွန်းမှုနည်းသော်လည်း နောက်ပိုင်းမိုးရွာသွန်းခြင်းကြောင့် အခုအခါ အောင်မြင်ဖြစ်ထွန်းနေပါတယ်။ မိုးမြေပဲကို စားသုံးဆီအပြင် ဆောင်းမြေပဲစိုက်ပျိုးဖို့ မျိုးအဖြစ်ထားရှိကြပါတယ်"ဟု မြေပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

အဆိုပါ မိုးမြေပဲစိုက်ခင်းများ အောင်မြင်ပြီး အထွက်နှုန်းကောင်းမွန်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဝန်ထမ်းများက မြေပဲစိုက်ခင်းများအတွင်း ကျရောက်တတ်သည့် ရွက်လိပ်ရွက်ကပ်ပိုးကျရောက်မှုကြိုတင်ကာကွယ်ရန်၊ သဘာဝပိုးသတ်ဆေးနှင့် တမာပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရန်နှင့် ဘက်စုံကာကွယ်ရေးနည်းစနစ်များ ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ယာမြေဧက ၄၈၀၀၀ ကျော်ရှိပြီး ယခုနှစ် မိုးရာသီ၌ ဆီထွက်သီးနှံစိုက်ပျိုးရန် ၇၃၁၄ဧက လျာထားကြောင်း၊ ယနေ့အထိ မြေပဲ ၇၂၄၃ ဧက၊ နှမ်း ၁၁ ဧက၊ နေကြာ ၆၅ ဧက၊ စုစုပေါင်း ၇၃၁၉ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

(အပေါ်ပုံ)

(၄၈၀)

## ဈေးကွက်ဝင်ကောက်ညှင်းယာစပါး အောင်မြင်ဖြစ်ထွန်း

**မိုးနဲ ဩဂုတ် ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မိုက်ဟိုင်းကျေးရွာအုပ်စု မယ်ဇလီမြိုင်ကျေးရွာ ကွင်းအမှတ်(၇၆) တောင်သူဦးစိုင်းလူ၏ ယာမြေ(၄)ဧကနေရာတွင် ဈေးကွက်ဝင်ကောက်ညှင်းယာစပါးမျိုးကွဲ ထိုင်းကောက်ညှင်းမျိုးကို ဇွန်လနောက်ဆုံးပတ်က စတင်စိုက်ပျိုးခဲ့ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဒေသခံတိုင်းရင်းသားများနှင့်အတူ ဩဂုတ် ၂၇ ရက် နံနက် ၈နာရီက ကွင်းဆင်းကြည့်ရှုခဲ့သည်။

မိုးနဲမြို့နယ်အတွင်း ယာစပါး ၁၁၁ ဧကစိုက်ပျိုးထားရှိပြီး တောင်သူများဒေသနှင့်ကိုက်ညီမည့် ယာစပါးမျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်ရေး၊ မျိုးသန့်ပွားစိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သော နည်းပညာဖြန့်ဝေပေးခြင်းနှင့် သွင်းအားစုများ ကူညီပံ့ပိုးခြင်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



## ချောင်းဦးမြို့နယ်တွင် အစေ့ထုတ်နှင့် ဖူးစားပြောင်းဧက ၄၆၀ ကျော်စိုက်ထား

**ချောင်းဦး ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်တွင် အစေ့ထုတ်နှင့်ဖူးစားပြောင်းဧက ၁၁၀၀ ကျော် စိုက်ရန်လျာထားရာ ဧက၄၆၀ ကျော် စိုက်ပျိုးထားပြီးဖြစ်သည်။

ချောင်းဦးမြို့နယ်တွင် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၅၀ခန့်ထွက်ရှိပြီး တစ်ဧကလျှင် ကုန်ကျစရိတ် ငွေကျပ် ငါးသိန်းခန့် ကုန်ကျပြီး ဖူးစားပြောင်း တစ်ဧကလျှင် အဖူး ၁၅၀၀၀ ထွက်ရှိကာ ကုန်ကျစရိတ်အနေဖြင့် တစ်ဧက ငါးသိန်းခန့် ကုန်ကျသည်။

"ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့ ပိုးမွှားမကျအောင်၊ စိုက်နည်းစနစ်ပညာပေးတာတွေ လုပ်ဆောင်နေပါတယ်။ ကွင်းသရုပ်ပြပွဲတွေလုပ်သလို ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးနဲ့ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်တဲ့ တမာနဲ့ ချင်းငရုတ်ပိုးသတ်ဆေးတွေ သုံးကြဖို့ အသိပညာပေးတာတွေ ဆက်တိုက်လုပ်နေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောသည်။



ချောင်းဦးမြို့နယ်တွင် အစေ့ထုတ်နှင့် ဖူးစားပြောင်းများကို ဇွန်လက စတင်စိုက်ပျိုးခဲ့ကြရာ လက်ရှိတွင် အစေ့ထုတ်ပြောင်း ဧက ၈၀နှင့် ဖူးစားပြောင်း ၃၈၅ ဧက စုစုပေါင်း ၄၆၅ဧက စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

(ဝဲပုံ) (၃၉၄)

## ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အလွတ်တန်း(အမျိုးသား) ဘောလုံးပြိုင်ပွဲရှုံးထွက်ပွဲစဉ်များယှဉ်ပြိုင်

**သာစည် ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံအလွတ်တန်း(အမျိုးသား)ဘောလုံးပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များကို ဩဂုတ် ၂၆ ရက် ညနေ ၄ နာရီက မြို့နယ်ပြည်သူ့ အားကစားပြိုင်ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည်။

ရှုံးထွက်ပွဲစဉ်အဖွင့်ပွဲစဉ်အဖြစ် အုပ်စု(က)မှ အမှတ်(၁)ရပ်ကွက်အသင်းနှင့်အုပ်စု(ဂ)မှ ရွာကြီးအသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးသရေဖြစ်နေသောကြောင့် ပင်နတီအဆုံးအဖြတ် ကန်သွင်းရာ ရွာကြီးကျေးရွာအသင်းက အနိုင်ရရှိပြီး အကြိုဗိုလ်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ ရှုံးထွက်ပွဲစဉ်များကို ဩဂုတ် ၂၉ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ၂၇ ရက်တွင် အမှတ်(၃)နှင့်နွားထိုးအသင်း၊ ၂၈ ရက်တွင် ဘုရားငါးဆူနှင့် မြင်းကွက် အသင်း၊ ၂၉ ရက်တွင် ရွာပုလဲကြီးနှင့်ညွန့်ပေါင်းအသင်းတို့ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အကြိုဗိုလ်လု ပွဲစဉ်များကို ဩဂုတ် ၃၁ ရက်နှင့်စက်တင်ဘာ ၁ ရက်တို့တွင်လည်းကောင်း တတိယနေရာလုပွဲကို စက်တင်ဘာ ၃ ရက်နှင့်ဗိုလ်လုပွဲကို စက်တင်ဘာ ၄ ရက်တို့တွင် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပထမဆုကို ဆုဖလား၊ ရွှေတံဆိပ်လည်ဆွဲနှင့် ဆုငွေ ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆုကို ငွေတံဆိပ်လည်ဆွဲနှင့် ဆုငွေကျပ် ငါးသိန်း၊ တတိယဆုကို ကြေးတံဆိပ်လည်ဆွဲနှင့် ဆုငွေကျပ် သုံးသိန်းနှင့် နေရာအလိုက် အကောင်းဆုံးဆုများကိုလည်း တစ်ဆုလျှင် ဆုတံဆိပ်နှင့်ဆုငွေကျပ် ငါးသောင်းချီးမြှင့်သွားမည်ဖြစ်ကြောင်း မြို့နယ်အားကစားမှူး ဦးဝင်းထွန်းဦးထံက သိရသည်။

(၄၈၇)

## မိသားစုနေ့စဉ် ဝင်ငွေရရှိသည့် ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ပျိုးရေးလုပ်ငန်း အားထားလုပ်ကိုင်

**ပွင့်ဖြူ ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများက မှန်းချောင်းရေနှင့် မြေအောက်ရေကို အကျိုးရှိစွာ အသုံးချပြီး နေ့စဉ်မိသားစုဝင်ငွေရရှိသည့် ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ပျိုးရေးလုပ်ငန်းကို အားထားလုပ်ကိုင်ကြကြောင်း ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်က ဒေသခံတောင်သူတွေဟာ မှန်းချောင်းရေနဲ့ မြေအောက်ရေကို စနစ်တကျ အသုံးချပြီးတော့ နေ့စဉ် မိသားစုဝင်ငွေရရှိတဲ့ ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ပျိုးရေးလုပ်ငန်းကို အားထားလုပ်ကိုင်ကြပါတယ်။ ဟင်းသီးဟင်းရွက်သီးနှံများ စိုက်ပျိုးရာမှာ စားသုံးသူပြည်သူတွေ အစားအစာဘေးကင်းလုံခြုံစေဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနရဲ့ ကြီးကြပ်မှုနဲ့ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (GAP)စနစ်နဲ့ စနစ်တကျ စိုက်ပျိုးတာဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသမှာ တောင်သူတွေ အဓိကစိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်သီးနှံတွေကတော့ ခရမ်းချဉ်၊ ခရမ်းစိမ်း၊ ခရမ်းညို၊ ပန်းမုန်လာ၊ မုန်လာဥဖြူ၊ ကိုက်လန်၊ ကြက်ဟင်းခါး၊ ရွှေဖရုံ၊ ဘူး၊ သခွား၊ ပိန်းဥ၊ အာလူး၊ ကြက်သွန်၊ ငရုတ်၊ ကန်စွန်း၊ ချဉ်ပေါင်၊ ဆူးပုပ်နဲ့ ဗုံလုံသီး(ခေါ်) ပဲရှည်သီး စတဲ့ သီးနှံတွေ ဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းက မိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိတာကြောင့် စီးပွားရေး တွက်ခြေကိုက်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားရေးအတွက် ဟင်းသီးဟင်းရွက်သီးနှံစုံ ၉၁၄ ဧက လျာထားစိုက်ပျိုးဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ၉၀၉ ဧက စိုက်ပျိုးပြီးစီးပြီးဖြစ်ကာ သီးနှံအထွက်နှုန်းကောင်းမွန်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများကို မျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်ရေး ကူညီဆောင်ရွက်ပေးခြင်း၊ ပိုးမွှားရောဂါမကျရောက်စေရေး သဘာဝပိုးသတ်ဆေးနှင့် သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနိုင်အောင် အသိပညာပေးခြင်း၊ အစားအစာ ဘေးကင်းလုံခြုံရေးအတွက် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (GAP)နည်းပညာများ သရုပ်ပြသပေးခြင်းတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေထံမှ သိရသည်။ (ဝဲပုံ) (၄၄၅)



# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) စာတမ်းဖတ်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၈**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ၁၃၈၅-၁၃၈၆ ပညာသင်နှစ် တက္ကသိုလ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် University Development Program အရ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေဌာနက ဦးဆောင် ကျင်းပသည့် Exploring the Path:An Insight Into Buddhist Eth စာတမ်းဖတ်ပွဲကို တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ဩဂုတ် ၂၇ ရက် နံနက် ၇ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ကျင်းပရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော်ကြီး အမှူးပြုသော သင်ကြားစီမံဆရာတော်များ တက်ရောက်ကြသည်။



စာတမ်းဖတ်ပွဲတွင် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ M.A(I),M.A(II),Thesis (I), Thesis(II) အတန်းစုံမှ စာတမ်း(၈)စောင် ဖတ်ကြားကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ဝ၄၅)

# ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးဆောင်ရွက်

**ရေနံချောင်း ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၌ ပလတ်စတစ်သုံးစွဲမှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချနိုင်ရန်နှင့် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်စေရန်အတွက် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဩဂုတ် ၂၆ ရက် နံနက် ၇ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် ဆောင်ရွက်ခဲ့သည်။ **(ဓါပုံ)**



ထိုသို့ လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် ရေနံချောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များက မြို့မဈေးကြီးတွင် ဈေးရောင်းချသူများနှင့် ဈေးဝယ်သူပြည်သူများအနေဖြင့် စားသုံးကုန်ပစ္စည်းများ ရောင်းချဝယ်ယူရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်စေနိုင်သည့် ပလတ်စတစ်သုံးစွဲမှုကို လျှော့ချပြီး ပလတ်စတစ်အစား စက္ကူ၊ ငှက်ပျောဖက်၊ အင်ဖက်များကို အစားထိုးသုံးစွဲကြစေလိုကြောင်း အသိပညာပေးဟောပြောကာ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(၄၇၂)

ဝ-ဝ-ဝ-ဝ-ဝ

# ဆရာတင်မိုး၏ သစ်ရွက်ကြွေလေးပေါ်မှာရေးတဲ့မှတ်တမ်းများ ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိ




**မန္တလေး ဩဂုတ် ၂၈**

ဆရာတင်မိုး၏ သစ်ရွက်ကြွေလေးပေါ်မှာရေးတဲ့ မှတ်တမ်းများစာအုပ် လင်းသစ်ရောင်စဉ်စာပေမှ ဒုတိယအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါစာအုပ်တွင် ဆရာဇော်ဇော်အောင်က အမှာစာရေးသားပေးပြီး "အခုလို အမှာရေးလိုက်ရတဲ့အတွက် ဝမ်းလည်းသာတယ်။ ကိုဘဂျမ်းကို သတိလည်းရတယ်။ သူ့စာအုပ်ကို "စကားပြေနဲ့ရေးတဲ့ကဗျာ" လို့ ခေါင်းစဉ်ငယ် ထပ်ဆင့်တပ်တယ်။ နာမည်အမျိုးမျိုးတပ်လို့ ရပါတယ်။ အနှစ်သာရအားဖြင့် ကဗျာတွေပဲ ဖြစ်တယ်လို့ ကျွန်တော်ပြောခဲ့ချင်ပါတယ်။ ကဗျာအရေးကောင်းတဲ့ ကဗျာဆရာတင်မိုးရဲ့ကဗျာတွေပါပဲ"ဟု ဆိုထားသည်။

စာစု ၅၅ ပုဒ်ကို စုစည်းထားပြီး လမီးအိမ်နှင့် ညကမ္ဘာ၊ မုသားစောင်းသံ၊ ကစားပွဲ၊ ယပ်တောင်ကလေးများမှတစ်ဆင့်၊ စာဆိုနှင့်လောက၊ အရိုင်းကမ္ဘာမှ ကြာပွတ်သံ၊ ပန်းပုဆရာ၏ ယမင်းရုပ်၊ ရဲဘော်ကြီးနှစ်ဦး၊ နရီမှန် စည်းမှန်လောကတေးသံ၊ အတွေးရှာက ကြယ်စင်ပြိုးပြက်၊ မျှော်စင်ပေါ်က ပညာရှိ၊ လွတ်လပ်ချမ်းသာ၊ ရွက်ကြွေပမာ၊ ဘုရားစင်က အမွှေးတိုင်၊ "ဝ"လုံးသူဌေး၊ တရားလက်ကိုင်စွမ်းအားပြိုင်ကြလျှင်၊ မျောချင်ရာမျောတဲ့သင်္ဘော၊ မျက်လုံးကလေးနှစ်လုံး၊ တက္ကသိုလ်၏သုခမိန်၊ ကလေးငယ်၏လွတ်လပ်ရေးနေ့၊ ရွှေပေလွှာ စွန်လွှတ်ပွဲ၊ ကျောင်းတက်ခေါင်းလောင်းသံ၊ ကလေး၏ ပထမဘာသာစကား၊ အရိပ်ပမာ မကောင်းမှုသံသရာ၊ သီရိမြေက အသရေပန်း၊ ရွှေထီးဆောင်းခဲ့စဉ်က၊ လယ်ကွင်းကတော့ စိမ်းမြဲပင်၊ သနပ်ခါးပန်းရနံ့၊ သက်ရှိအချစ်ဂန္ထဝင် ကံ့ကော်ပင်၊ ကြယ်စုံညချမ်းက အိပ်မက်ခန်း၊ ကြေးမုံမှန်နဲ့ လူ၊ ပြိုင်ပွဲရဲ့ ရလဒ်၊ တန်ခူးလေနှင့် လျှောတော့သည်၊ ပုလွေသံ တကြူကြူပြာလဲ့ ဇာချဲ့ရှာတဲ့မိုး၊ ဆရာ့အေးရိပ်၊ ပုဂံ၏ ထာဝရအလှ၊ ဟိုဘက်ကမ်းက မီးထိန်ထိန်၊ အပျင်းပြေတရား စီရင်ခန်း၊ စိတ္တဇချောက်ကမ်းပါးမှ လူသား၊ ရှာပန်းချီ၊ လွမ်းငွေ့ဝေဝေ၊ ပုပ္ပားတောင်၏ မာနလော၊ ပင်လယ်ခရုခွံကလေးများ၊ တစ်ခဏ၊ ဆည်းလည်းသံသာ၊ မှန်ကလေးတစ်ချပ် ဖျတ်ခနဲ ကွဲ၊ အိပ်မက်ပွင့်ကလေး ပန်ပါလေ၊ သူ့အလိုလို သူ့ပင်ကိုယ်၊ ပန်းတိုင်ခရီးဆီသို့ လှော်ခတ်စို့၊ အလိုလိုညီညွတ်ခြင်း၊ ချစ်သူရှုံး၍ မုန်းသူနိုင်သောအခါ၊ ဆင်ရိုင်းလမ်းများ သတိတရား၊ လူ့ဘဝနှင့် သုခုမ၊ အချိန်ဆိုသောငှက် ခရီးမပျက်တို့ဖြစ်သည်။ **(ဓါပုံ)**

ရသစာပေ ဖတ်ချင်သူများအတွက် လက်စွဲဖတ်ရှုသင့်သည့် စာအုပ်ဖြစ်သည်။ မျက်နှာဖုံးနှင့် အတွင်းပန်းချီများ ဘငွေးကြည် ရေးဆွဲသရုပ်ဖော်သည်။ မန္တလေး စာအုပ်အရောင်းဆိုင်များတွင် ငွေကျပ် ၂၅၀၀ ဖြင့် ဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရသည်။**(PNT)**




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ရင်ထဲက ထာဝရ အမေ

\- အမေ
သေသွားတာဖြင့် ကြာခဲ့ပြီလေ --- ။
\- ဒါပေမယ့်လည်း သားစိတ်ထဲမှာ
အမြဲတမ်းပဲ ရှိနေသေးတယ် ထင်။
\- အမေ့သဏ္ဍာန် ၊ ရုပ်ပုံဟန်လည်း
အမြဲတမ်းပဲ မြင်နေရတယ်လို့ ထင်။
\- အမေ့အပြုံး ရှုမဆုံးလည်း
အမြဲတမ်းပဲ ရှိနေတယ်လို့ ထင်။
\- အမေ့မျက်နှာ ၊ လစန္ဒာလည်း
အမြဲတမ်းပဲ သာနေတယ်လို့ ထင်။
\- အမေ့ဓာတ်ပုံ ၊ ဆေးသားမှုန်လည်း
အမြဲတမ်းပဲ လှနေတယ်လို့ ထင်။
\- ကရမက်နံ့ ကိုယ်သင်းနံ့လည်း
အမြဲတမ်းပဲ မွှေးနေတယ်လို့ ထင်။
\- အမေ့ထမင်း ၊ အမေ့ဟင်းလည်း
အမြဲတမ်းပဲ စားနေရတယ်လို့ ထင်။
\- အမေ့ကိုယ်ငွေ့ ၊ မေတ္တာငွေ့လည်း
အမြဲတမ်းပဲ နွေးနေတယ်လို့ ထင်။
\- အမေ့မေတ္တာ ၊ စမ်းသီတာလည်း
အမြဲတမ်းပဲ အေးနေတယ်လို့ ထင်။
\- နံနက်အရုဏ် ၊ ဆွမ်းလောင်းပုံလည်း
အမြဲတမ်းပဲ မြင်ယောင်တယ်လို့ ထင်။
\- အမျှဝေသံ ၊ ကြေးစည်သံလည်း
အမြဲတမ်းပဲ ကြားနေရတယ်လို့ ထင်။
\- အမေနဲ့ပတ်သက်
တစ်ရက်မမေ့ ၊ တမြည့်မြည့်လွမ်း
အမေ့ပုံရိပ် ၊ အသေးစိတ်တွေ
အမေ့မေတ္တာ ၊ စေတနာတွေ
ကာလနှစ်ပေါင်း ၊ ဘယ်လိုညောင်းစေ
မပြောင်းမလဲ ၊ သားရင်ထဲမှာ
အမြဲတမ်းရှိ ၊ အမြဲသိနေ
သတိလည်းရတယ် အမေရယ် --- ။ ။

မောင်မိုးဝင်း(မန္တလေး)

## သတင်းပဒေသာ

### စာကြည့်တိုက်အဆောက်အအုံ ပန္နက်တင်မင်္ဂလာ ကျင်းပ

ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ ခေါင်တိုင်ကျေးရွာအုပ်စု၊ ခေါင်တိုင်ကျေးရွာ စာကြည့်တိုက်အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဩဂုတ် ၂၇ရက် နံနက်ပိုင်းတွင် အဆိုပါ စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာ၌ ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာလင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များက သတ်မှတ်နေရာများတွင် နေရာယူကြပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့် အသီးသီးပန္နက်တင်ကြ၍ ဧည့်သည်တော်များက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာတို့ပူးပေါင်း၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### မြစ်သာမြစ်နှင့် ချင်းတွင်းမြစ်တို့တွင် မြစ်ရေများမြင့်တက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်အတွင်း၌ မိုးများသည်းထန်စွာ ရွာသွန်းလျက်ရှိသောကြောင့် မြစ်သာမြစ်နှင့် ချင်းတွင်းမြစ်တို့တွင် မြစ်ရေများမြင့်တက်လျက်ရှိကြောင်း ဩဂုတ် ၂၇ရက်တွင် ကလေးခရိုင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ကလေးစာဖတ်ခန်း၌ ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိရာ ဩဂုတ် ၂၇ရက် နံနက်ပိုင်းက အဆိုပါရုံးရှိ ကလေးစာဖတ်ခန်း၌ ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ကျောင်းကောင်စီဖလား ဘောလုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်ပန်မြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မိုးရာသီကျောင်းကောင်စီဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### စာကြည့်တိုက်အသစ် ဆောက်လုပ်မည့်နေရာတွင် ပန္နက်တင်

နေပြည်တော်ပုဗ္ဗသီရိမြို့နယ်၊ ကျည်တောင်ကန်ကျေးရွာရှိ စာကြည့်တိုက်အသစ် ဆောက်လုပ်မည့်နေရာတွင် ပန္နက်တင်ခြင်းမင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ကြည်၊ မြို့နယ်စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီအဖွဲ့ဝင်များက သတ်မှတ်နေရာအသီးသီးတွင် ပန္နက်တင်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### Mobile Library စနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်းပေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ Mobile Library စနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်းပေးခြင်းကို ယမန်နေ့ နံနက် ၁၀နာရီက ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းရုံးသို့ ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်နှင့် ဘုရားများ လှူဒါန်း

**မန္တလေး ဩဂုတ် ၂၈**

မန္တလေး၊ တောင်စလင်းတိုက်သစ်ဘာဝနာဌာန၊ နယ်စပ်တောင်တန်းနှင့်ကမ်းရိုးတန်းဒေသနာယကဆရာတော် ဘဒ္ဒန္တတိက္ခ၊ အဘိဓဇမဟာရဋ္ဌဂုရု ဦးဆောင်သည့် ဗုဒ္ဓဘာသာသာသနာ ပြန့်ပွားရေးအသင်းရုံး(မန္တလေး)သို့ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်နေ ဦးအောင်သန်းစိန်+ဒေါ်တင်တင်တို့အား ရည်စူး၍ ဆရာမဒေါ်မာမာ၊ (သား)ကိုကိုမောင်+မခင်စန္ဒာထွန်း၊ (မြေး)သဒ္ဒါရှင်းသန့် "အောင်ဆုမွန်" နိဗ္ဗာန်ကုန်ဆိုင်မိသားစုက ဝါဆိုသင်္ကန်း၊ ဆန်၊ ငွေကျပ်တစ်သိန်းသုံးသောင်းလှူဒါန်းကုသိုလ်ပြုရာ အသင်းဒုဥက္ကဋ္ဌ ဒေါ်ခင်မြက လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်သည်။ **(ယာပုံ)**



အလားတူ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်နေ အလှူရှင် ဦးသန်းထွန်း+ဒေါ်တင်တင်ထွေး (ဒေဝီရွှေဆိုင်)မိသားစုက ထီးနှင့်ရွှေသင်္ကန်းအလှူ၊ ငွေကျပ် ခုနစ်သောင်းငါးထောင်ကျပ်၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်နေ အလှူရှင်ငြိမ်းသစ္စာပဌာန်းဆက်များအား ရည်စူး၍ ဒေါ်မြင့်မြင့်စိန်(သမီး) မခင်ဖုန်းမြင့်၊ မမေမြိုင် မိသားစုကဘုရားနှင့်ထီးအတွက် ငွေကျပ်တစ်သိန်းသုံးသောင်းငါးထောင်ကျပ်၊ မန္တလေးမြို့၊ အောင်မြေသာစံ မြို့နယ်နေ အလှူရှင်ဦးကြည်အောင်+ဒေါ်အေးပို မိသားစုက ထီးနှင့်ဆေး၊ အလှူငွေကျပ်ခုနစ်သောင်းငါးထောင်ကျပ်၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်နေ အလှူရှင်ဦးဝင်းအောင်+ဒေါ်ခင်လှိုင်၊ (သား)မောင်အေးချမ်းအောင်၊ မောင်ဘုန်းမြတ်အောင်မိသားစုက ထီးနှင့်သင်္ကန်းအတွက် ငွေကျပ် ခုနစ်သောင်းငါးထောင်ကျပ်၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်နေ အလှူရှင် ဦးချစ်လှိုင်အား ရည်စူး၍ (မိခင်)ဒေါ်ကြည်အား အမှူးထားပြီး (သမီး) ဒေါ်တင်က ထီးအလှူငွေကျပ်ခြောက်သောင်းငါးထောင် အသီးသီး လှူဒါန်းကြကြောင်း သိရသည်။

**(ကဆ)**

၀-၀-၀-၀-၀-၀



## မလွန်ဈေးဆန်လှူအသင်းမှ ပုသိမ်ကြီးမြို့နယ်တွင် နဝကမ္မငွေများနှင့် ဆွမ်းဆန်တော်များလှူဒါန်း

**မန္တလေး ဩဂုတ် ၂၈**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ မလွန်ဈေးဆန်လှူအသင်းမှ (၁၂၈)ကြိမ်မြောက် လှူဒါန်းမှုအဖြစ် ဩဂုတ် ၂၆ ရက်က အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်ရှိ ရဟန်း၊ သာမဏေ၊ သူတော်အပါး ၆၈၅၉ ပါး၊ သီလရှင် ၁၅၂၅ ပါး၊ စုစုပေါင်း ၈၃၈၄ ပါးတို့အားတစ်ပါးလျှင် ဆွမ်းဆန်တော် (၄)ပြည်နှုန်းဖြင့် ဆွမ်းဆန်တော် ၂၀၉၆ တင်းကို ရွှေရတနာဗိမာန်တွင် သွားရောက်လှူဒါန်းခဲ့သည်။

အလားတူ မလွန်ဈေးဆန်လှူအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များသည် ပုသိမ်ကြီးမြို့နယ်ရှိ သက်တော် ၈၀၊ ဝါတော် ၆၀အထက် သက်တော်ရှည်ဆရာတော်ကြီး ၈ပါးသို့ တစ်ပါးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၈ သိန်း၊ ဘွဲ့တံဆိပ်တော်ရဆရာတော်များသို့ ၁၃၅ ဘွဲ့အတွက် တစ်ပါးလျှင် ငွေကျပ် ၂၅၀၀၀ နှုန်းဖြင့် အလှူငွေကျပ် ၃၃၇၅၀၀၀ တို့ကို ကျောင်းတိုက်များသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ကဆ)**



## ယာယီနေရပ်စွန့်ခွာသူများအား အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့

**မန္တလေး ဩဂုတ် ၂၈**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းဆောင်များတွင် ရောက်ရှိနေကြသော ယာယီနေရပ်စွန့်ခွာသူမိသားစုများအား အခြေခံစားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျောင်းရုံးခန်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးငွေးကြွယ်၊ ရပ်ကွက်စေတနာရှင်များက စဉ့်ကူးမြို့နယ်မှ ယာယီနေရပ်စွန့်ခွာမိသားစုများနှင့် ပညာရေးဝန်ထမ်း ၇ ဦး အတွက် ဆန်၊ ဆီ၊ ဆား ကြက်ဥ အပါအဝင် အခြေခံစားသောက်ကုန်များနှင့် ဆပ်ပြာအပါအဝင် လူသုံးကုန်ပစ္စည်းများ ပေးအပ်ရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဒုတိယဥက္ကဋ္ဌဦးမြင့်ဇော်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒာဝင်းတို့က လက်ခံရယူပြီး ယာယီနေရပ်စွန့်ခွာမိသားစုဝင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(ကဆ)**

## မြင်းကပါကျေးရွာရှိ ဝင်ငွေနည်းအိမ်ထောင်စု(၄၀)အား စားသောက်ရေး အဆင်ပြေစေရန် ဆန်များ ထောက်ပံ့

**ညောင်ဦး ဩဂုတ် ၂၈**

ရန်ကုန်မြို့၊ ဝေမျှခြင်းပရဟိတအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ စိန်ကုန်းရပ်ကွက်ရှိ ဝင်ငွေနည်း အိမ်ထောင်စုများအတွက် စားသောက်ရေး အဆင်ပြေစေရန် ဩဂုတ် ၂၆ ရက်၊ နံနက်ပိုင်းက ဆန်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ အလှူငွေများ လှူဒါန်းရာတွင် ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့မှ အဖွဲ့ဝင်ဦးဝင်းမင်းထွန်း ဦးဆောင်၍ ပရဟိတအသင်းသားများက ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ စိန်ကုန်းရပ်ကွက်ရှိ ဝင်ငွေနည်းအိမ်ထောင်စု ၄၀အား အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်ပြည်နှုန်းစီ ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(ကဆ)**



**မျက်စိလျှုကြ မျက်ကြည်ရ၊ မြတ်သည့်လှူဒါန်း။**

# ဖြူစင်သန့်ရှင်း၊ ဟန်ဆောင်ကင်း ပွင့်လင်းရိုးသား ကလေးများ

အိမ်ရှေ့လမ်းမပေါ်မှာ အင်္ကျီမပါ၊ ဖိနပ်ဗလာ၊ ဘောင်းဘီတိုလေးသာဝတ်ထားတဲ့ ကလေးတစ်ယောက် လမ်းလျှောက်သွားနေပါတယ်။ သူ့လက်ထဲမှာလည်း နှစ်ရာကျပ်တန်ငွေစက္ကူတစ်ရွက်ကိုင်ထားတာကိုလည်း လှမ်းမြင်နေရပါတယ်။ သူ့အိမ်က တစ်ခုခုဝယ်ခိုင်းလိုက်ပုံရပါတယ်။ ဒါပေမယ့်လည်း အဆိုပါကလေးဟာ လမ်းကို ဖြောင့်ဖြောင့်တန်းတန်းမသွားပါ။

ဘာလုပ်နေလဲ ကဲကြည့်ကြရအောင်၊ ပထမဆုံးလုပ်တဲ့အရာကတော့ ဆောက်လုပ်နေဆဲ အိမ်တစ်အိမ်ရှေ့က သဲပုံကြီးပေါ်ကို ပြေးတက်လိုက်ပြီး တစ်ဖက်ကို ဖင်ထိုင်လျှောဆင်း လိုက်ပါတယ်။ အဲဒီကပြီးတော့ မနေ့ညက မိုးရွာထားလို့ ရေတင်နေတဲ့ ချိုင့်ခွက်ထဲကို သူ့ဖနောင့်နဲ့ ပေါက်ပြန်ပါတယ်။ အဲဒီအနီးမှာရပ်ထားတဲ့ ပြောင်လက်ဖြူဖွေးနေတဲ့ ကားရဲ့ဘော်ဒီမှာ ရွံ့ဗွက်တွေ ပေကုန်ပါတယ်။

ဒါနဲ့ ပြီးပြီလားဆိုလာတော့ မပြီးသေးပါ။ လမ်းပေါ်မှာ လေနဲ့လွင့်ပါလာတဲ့ အချိုရည်ဘူးခွံလေးကို ဘောလုံးအမှတ်နဲ့ ကန်ပြန်ပါတယ်။ 'ဂိုးကွ' 'ဒိုလေးကွ' လို့ သူ့ဖာသာလက်ခုပ်တီး အားပေးပါတယ်။ ဒါနဲ့လည်း မပြီးသေးပါ။ အိမ်တစ်အိမ်ရှေ့မှာ ဖျာခင်းပြီး လှန်းထားတဲ့ ထမင်းတွေကိုလည်း လက်နဲ့ဆုပ်ပြီး ကြဲပစ်လိုက်ပါတယ်။

ဒါနဲ့လည်း မပြီးသေးပါ။ လမ်းဘေးမှာ အိပ်မောကျနေရှာတဲ့ ခွေးလေးကိုလည်း ခြေထောက်နဲ့ကန်သွားပြန်ပါတယ်။ ခွေးလေးမှာ နာရှာလွန်းလို့ တစ်ဂိန်ဂိန်အော်ရင်း ပြေးသွားပါတယ်။ 'အဲဒါ ငါကွ။ နောင်တစ်ခါ ငါ့ကိုဟောင်ရင် ပိုနာမယ်မှတ်ပြီလား' တဲ့။

ဒါနဲ့ ကလေးဟာ ရှေ့ဆက်သွားပြီး ဆိုင်းဆရာကြီးအိမ်ရှေ့မှာ နေပူလှန်းထားတဲ့ ဗုံတွေကိုလည်း တန်းစီတီးသွားပြန်ပါတယ်။ နောက်တော့ ကလေးလည်း ကျွန်တော်နဲ့ဝေးသွားတဲ့အတွက် နောက်ထပ် ဘာတွေလုပ်ဦးမလဲဆိုတာ မသိတော့ဘဲ၊ ဒီတိုင်းပဲ ကျန်ခဲ့ပါတယ်။

စောစောက ကလေးတစ်ယောက်ရဲ့ လမ်းသွားရင်းပြုလုပ်သွားတဲ့ မြင်ကွင်းတွေကို တစ်လမ်းလုံးမှာရှိတဲ့လူတွေ မြင်ကြပါတယ်။ ဒါပေမယ့်လည်း သူတို့တစ်တွေမှာ ဘာမှမထူးခြားပါ။ မအံ့သြကြပါ။ ဘာမှလည်း မှတ်ချက်မပေးကြပါ။ သူတို့အလုပ်ပဲ သူတို့ လုပ်နေကြပါတယ်။ ဘာကြောင့်လည်းဆိုရင် ဒီမြင်ကွင်းက ဘာမှမထူးခြားလို့ပါ။ ကလေးတိုင်းပြုလုပ်နေကြ မြင်ကွင်းဖြစ်နေလို့ပါ။

တကယ်လို့သာ ဒီနေရာမှာဘဲ အသက်ခုနစ်ဆယ်ကျော် အဘိုးကြီးဖြစ်တဲ့ ကျွန်တော်စောစောက ကလေးအတိုင်း အင်္ကျီမပါ၊ ဖိနပ်ဗလာ၊ ဘောင်းဘီတိုနန့်နန့်လေးဝတ်ပြီး ကလေးလုပ်သလို လုပ်ကြည့်စမ်းပါ့လား။ အိုဘာပြောကြမလဲ ပြောလိုက်ကြမယ့်ဖြစ်ခြင်းပြီးတော့မှာ မဟုတ်တော့ဘူး 'ကြည့်စမ်း၊ ကြည့်စမ်း ဒီအဘိုးကြီး သူငယ်ပြန်နေပြီထင်တယ် ကလေးကုလားအလုပ်တွေ လျှောက်လုပ်နေတယ် မရှက်ဘူးလားမသိဘူးနော်' 'ဟုတ်ပါ့တော် ရူးများရူးနေပြီလားမသိဘူး' အဲဒီလို အဲဒီလိုအသံတွေ ကျွန်တော့်ရှေ့မှာ အားနာလို့မပြောကြပေမယ့် သူတို့အချင်းချင်းကြ လက်တို့ပြီးပြောနေကြမှာ အသေအချာပါ။

ဟုတ်ပါတယ် ပြောထိုက်ပါတယ်။ ကျွန်တော်လည်း ပြောမိမှာပါ။ ဒီနေရာမှာမေးချင်တာက စောစောက ကလေးငယ်လေးလုပ်သွားတာကျ ဘာမှမပြောကြဘဲ လူကြီးတစ်ယောက်က လိုက်လုပ်တော့ဘာလို့ပြောချင်ကြတာလဲ။ ဒါကလည်း ရှင်းပါတယ်တဲ့ ကလေးနဲ့လူကြီး အရွယ်ချင်းမတူလို့တဲ့၊ ကဲ မှတ်ကြရော။

ကလေးဆိုတာ သူ့စိတ်ထဲ ရှိတဲ့အတိုင်း ပြောလို့ရတယ်၊ ဆိုလို့ရတယ်၊ ဆဲလို့ရတယ်၊ ရယ်လို့ရတယ်၊ ငိုလို့ရတယ်၊ သွားလို့ရတယ်၊ အော်လို့ရတယ်၊ သီချင်းဆိုလို့ရတယ်၊ ကစားလို့ရတယ် ကုန်ကုန်ပြောရရင် ဘာမဆိုလုပ်လို့ရတဲ့ လွတ်လပ်တဲ့သူတွေပဲ ဖြစ်ကြပါတယ်တဲ့။

ဟုတ်ပါတယ်၊ ဒါပေမယ့်လည်း ကျွန်တော်တို့လူကြီးပိုင်းကတော့ ကလေးတွေလိုမဟုတ်ကြပါ။ တွေးတုံ၊ ဆတုံ၊ ဆင်ခြင်တုံဆိုတဲ့ တုံသုံးတုံနဲ့ နေကြရပါတယ်။ ကလေးတွေလို စိတ်ထဲရှိတဲ့အတိုင်းပြောလို့မရပါ။ ပြောသင့်မပြောသင့်၊ သွားသင့်မသွားသင့်၊ နေသင့်မနေသင့်၊ ချင့်ချိန်ကျင့်ကြံနေကြရပါတယ်။ တစ်ခါတစ်ရံသူတစ်ပါးကို အကျိုးအတွက် မုသာဝါဒကံကိုလည်း ချိုးပေါက်ရသလို အမှန်ကို မျိုသိပ်ပြီးဟန်ဆောင်ကြရတဲ့အခါလည်း ရှိတတ်ပါတယ်။ အချိန်အခါနဲ့ နေရာဒေသအလိုက် သင့်တင့်မျှတစွာ နေကြရပါတယ်။ နေတတ်အောင်လည်း ကြိုးစားကြရပါတယ်။ ဆိုခဲ့တဲ့အတိုင်း ကလေးဆိုတာ ရိုးသားတယ်၊ ပွင့်လင်းတယ်၊ ဖြူစင်တယ်၊ ဟန်မဆောင်တတ်ဘူး၊ မလိမ်ဘူး၊ မညာဘူး အမှန်ကို အမှန်အတိုင်း ရဲ့ရဲ့ဝံ့ဝံ့ပြတ်ပြတ်သားသား ပြောတတ်ကြပါတယ်။

ဒီနေရာမှာ ဥပမာတစ်ခုပြပါမယ်။ ကျွန်တော့်မှာ မြေးဦးလေး ရှိပါတယ်။ သူ့နာမည်က 'ဟိဏ်းခေတ်သစ်မိုး' တဲ့ အခုဆို သုံးနှစ်ပြည့်လို့ မူကြိုထားနေရပါပြီ။ သွက်လက်တယ်၊ ချက်ချာတယ်၊ သောကြာသားလေးဖြစ်လို့လည်း စကားများတယ်၊ အမေးအမြန်းလည်းထူပါတယ်။ မြေးလေးရဲ့ ပွင့်လင်းမှုကိုကြည့်ပါ။ တစ်ခါတစ်ရံ မြေးလေးကို မုန့်ကျွေးပါတယ်။ မြေးလေးက စားကြည့်ပြီး မုန့်က မကောင်းတဲ့အခါ မျက်နှာလေးရှုံ့မဲ့ကာ 'ဘဘမုန့်ကလည်း မကောင်းဘူး ထွီ' ဆိုပြီး ကျွန်တော့်ရှေ့မှာတင် ထွေးထုတ်ပစ်လိုက်ပါတယ်။

နောက်တစ်ခါ ကြက်ကင်ဝယ်ကျွေးရာ မြေးလေးကအားပါးတရစားကာ 'ကောင်းလိုက်တဲ့ကြက်ကင် အနံ့လေးကမွှေးနေတာပဲ' ဆိုပြီး ပလုတ်ပလောင်းစားပါတယ်။ တစ်ခါတစ်ခါ သူ့အိမ်က မုန့်လေးပါလားလို့ ကျွန်တော်တောင်းကြည့်တဲ့အခါ 'မပေးဘူး ဒါက သားသားကြိုက်တဲ့ မုန့်' တဲ့ ဒါက ကလေးတွေရဲ့ သဘာဝပဲလေ 'ကောင်းရင်ကောင်းတယ်'။

'မကောင်းရင်မကောင်းဘူး' 'ပေးချင်ပေးမယ် မပေးချင် မပေးဘူး' ဟန်မဆောင်ဘူးလေ သူ့စိတ်ထဲရှိတာကိုပြောတာ စိတ်ဆိုးလို့လည်းမရဘူး လက်ခံရမှာပဲလေ။

ကျွန်တော်တို့လူကြီးတွေကျ တစ်စုံတစ်ယောက်က စေတနာနဲ့ မုန့်လာကျွေးရင် တစ်ခါတစ်ရံ ညံ့တာလေးတွေပါတတ်တယ်။ မုန့်က မကောင်းပေမဲ့ တစ်ဖက်သားရဲ့စေတနာကို လေးစားတဲ့အနေနဲ့ လိမ်ညာပြီး 'ကောင်းပါတယ်ဗျာ' လို့ ပြောကြရပါတယ်။ ဒီနေရာမှာ ကလေးလို 'ခင်ဗျားမုန့်က ကောင်းလည်းမကောင်းဘူး' ပြောပြီး သူ့ရှေ့မှာ ထွေးထုတ်ပစ်လိုက်ရင် ဘာဖြစ်သွားမလဲ။ သူ့စေတနာအဟောသိကံဖြစ်သွားသလို သူ့ကိုလည်း မလေးစားရာရောက်သွားမယ့်အပြင် လူမှုရေးအရလည်း ရိုင်းပြသွားမှာဖြစ်ပါတယ်။ ပြောရရင် ကျွန်တော်တို့လူကြီးတွေဟာ အစစအရာရာကို ထောက်ထားပြီး အမှန်ကိုမပြောရဲဘဲ ဟန်ဆောင်နေကြရတာ များပါတယ်။ ကြာလာတဲ့အခါ ခံစားချက်တွေဟာ ဗိုက်ထဲမှာဖောင်းပွလာပြီး ဟာရပ်ကြီးလို ဖြစ်လာပါတယ်။ တကယ်တော့ ဟန်ဆောင်ရတာဟာ ပင်ပန်းလှပါတယ်။ မွန်းကြပ်ပါတယ်။ လည်ချောင်းထဲအရာတစ်ခုခုဆို့နင့်နေသလို ခံစားရပါတယ်။ ဒီအတွက် ရင်ထဲမှာ ပေါ့ရှင်းမနေဘဲ အမြဲတမ်းလေးလံနေပါတယ်။ ကြာတော့ ဒီလိုမျိုးနေရတာ ငြီးငွေ့လာပါတယ်။

ခက်နေတာက ကျွန်တော်က အားနာတတ်သူတစ်ယောက်ပါ။ ကျွန်တော့်ရဲ့မွေးရာပါ အားနည်းချက်အပေါ်မှာ တချို့က အခွင့်ကောင်းယူပြီး ပိုက်ဆံချေးကြတယ်၊ ပစ္စည်းတွေငှားကြတယ်။ ပြန်ပေးသလားဆိုတော့ ပြန်မပေးကြပါ။ သြော် သူတို့အဆင်မပြေသေးလို့နေမှာပါဆိုပြီး ကိုယ့်စိတ်ကိုယ် ဖြေပါတယ်။ ဆိုင်ကယ်ငှားပြီး ပြန်ပေးတော့လည်း ဆိုင်ကယ်အကောင်းအတိုင်း မဟုတ်ဘဲ တိုက်မိ၊ ခိုက်မိပြီးမှ ပြန်ပေးပါတယ်။ ဆိုင်ကယ်ကို အကောင်းမရှိဘူး။ ဒါလည်း ကျွန်တော် အပြစ်မယူရက်ပါ။ မတော်တဆဖြစ်တာဘဲလေဆိုပြီး ခွင့်လွှတ်ပေးရပြန်ပါတယ်။ တကယ်တော့ ဒါတွေဟာ ကျွန်တော့်ရဲ့အားနည်းချက်ပါ။ လူတစ်ဖက်သားကို နစ်နာသွားအောင်ပြောရဆိုရမှာ ဝန်လေးတတ်တဲ့ ကျွန်တော့်ရဲ့အကျင့်တွေကြောင့်ပါ။ ဒါကြောင့် သူတို့က ကျွန်တော့်ကို လူပျော့၊ လူညံ့၊ လူနုံ၊ လူအလို သဘောထားနေကြပါတယ်။ ရှိစေ စေတနာမှန်ရင် ကိုယ့်ဆီပြန်လာမှာပဲလေ။

တစ်ခါတစ်ခါကျတော့လည်း ကိုယ့်ရဲ့ရှေ့မှာ အမြင်မတော်တာတွေ အကြားမတော်တာတွေ တွေ့ရတတ်ပါတယ်။ လူတွေကြည့်တော့ ညှိုးညှိုးနွမ်းနွမ်းဝတ်စားထားပြီး ပြောလိုက်တဲ့စကားတွေက နိုင်ငံခြားထဲကနေ မထွက်ဘူး၊ နိုင်ငံခြားတိုးတက်ပုံတွေ၊ သာယာပုံ၊ လှပပုံတွေ၊ သန့်ရှင်းသပ်ရပ်ပုံတွေ စက်မှုနဲ့ နည်းပညာထွန်းကားပုံတွေ၊ အို မမောနိုင်၊ မပန်းနိုင်၊ ချီးကျူးနေလိုက်ပုံတွေများ နားကြားပြင်းကိုကတ်ရော၊ နိုင်ငံခြားကို အထင်ကြီးပြောဆိုနေပုံများ မစားရ၊ အံ့မခန်းပါဘဲ။

ဒီနေရာမှာ အလျှဉ်းသင့်လို့ ကျွန်တော်အလယ်တန်းကျောင်းသားဘဝက ဖတ်ခဲ့ရတဲ့ကဗျာ လက်ရွေးစင်စာအုပ်ထဲက ကဗျာတစ်ပုဒ်ကို ထုတ်ပြချင်ပါတယ်။ ဒီကဗျာဖတ်ခဲ့ရတဲ့ သက်တမ်းကလည်း နှစ်ပေါင်းငါးဆယ်ကျော်ခဲ့ပြီဆိုတော့ ကဗျာရဲ့ခေါင်းစဉ်ဝါးတားတားဖြစ်နေသလို ကဗျာဆရာရဲ့ အမည်ကိုလည်း မမှတ်မိသလို ဖြစ်နေပါတယ်။ (သည်းခံခွင့်လွှတ် ပေးပါရန်) ဒါပေမယ့်လည်း ကဗျာရဲ့ကိုယ်ထည်ကိုတော့ မှတ်မိနေပါတယ် လေးလုံးစပ်ကဗျာပါ။

**သူတို့သဘော်**
**မငေးမောလင့်**
**ငယ်သောတို့လေ့**
**ကြိုးဖြတ်ဖြေ၍**
**ကမ်းခြေမှသည်**
**ပန်းတိုင်ဆီသို့**
**ညီညီလှော်ခတ်ကြပါစို့..တဲ့။**

ကဗျာကတိုတိုလေးပါ။ ဒါပေမယ့်လည်း ကဗျာကအဓိပ္ပာယ်တွေ ပြည့်စုံလှပါတယ်။ ရည်ရွယ်ချက်၊ ဦးတည်ချက်ကောင်းလှပါတယ်။ ကဗျာဆရာရဲ့ စိတ်ရင်းစေတနာကို လေးစားရပါတယ်။

နိုင်ငံတစ်နိုင်ငံတိုးတက်တယ်ဆိုတာ သူ့အလိုလို ဖြစ်လာတာမှမဟုတ်ဘဲ။ နိုင်ငံရဲ့ခွန်အားအား တောင့်တင်းရမယ်။ နည်းပညာတွေရှိရမယ်။ လူတိုင်း အလုပ်လုပ်ကြရမယ်။ စည်းကမ်းရှိရမယ်။ ဒီလိုအရည်အချင်းတွေရှိမှသာ နိုင်ငံဆိုတာ တိုးတက်မှာဖြစ်ပါတယ်။ အခုလက်ရှိ တိုးတက်နေတဲ့နိုင်ငံတွေမှာ ဒီလိုအရည်အချင်းတွေ ရှိနေတယ်လေ။ ထားတော့။ သူတို့လို တိုးတက်နေတဲ့ နိုင်ငံကြီးတွေကို ငေးမောကြည့်ပြီး ဘာမှမလုပ်ဘဲ ထိုင်နေကြရင် ကိုယ့်နိုင်ငံဘယ်လိုလုပ်ပြီး တိုးတက်လာမှာလဲ။ ကိုယ့်နိုင်ငံရဲ့ ခွန်အားအပေါ်မူတည်ပြီး စည်းကမ်းရှိရှိနဲ့ လူတိုင်း လူတိုင်း မခိုမကပ်ဘဲ ညီညီညွတ်ညွတ်နဲ့လုပ်ကြမယ်ဆိုရင် ကိုယ့်နိုင်ငံလည်း တစ်နေ့မဟုတ်တစ်နေ့ တိုးတက်လာမှာပဲလေ။ ပန်းတိုင်ရောက်မှာပဲလေ။ ဒါကြောင့် ကိုယ့်နိုင်ငံရဲ့ကုန်ထုတ်လုပ်ငန်းတွေ နိုင်ငံရဲ့စားနပ်ရိက္ခာတွေ ဖွံ့ဖြိုးတိုးတက်လာအောင် ကိုယ်နိုင်တဲ့ဝန်ကို ထမ်းကြရမယ်။ ကိုယ့်နိုင်ငံသန့်ရှင်းသာယာလှပဖို့အတွက်လည်း လူတိုင်း လူတိုင်း စည်းကမ်းရှိရှိ နေဖို့လိုပါတယ်။

လောကကြီးထဲမှာဗျာ ပြောမယ်ဆိုရင် ပြောစရာကြီးပါပဲ။ တချို့က 'နံ' ငယ်အမြီးတပ်ရုံလေးနဲ့ ပညာတတ်ဖြစ်ချင်သူတွေ အပေါ်ယံဆီဆမ်းဆားဖြူးရုံနဲ့ နာမည်ကြီးချင်သူတွေ လူတကာလုပ်သမျှ သဘောမကျ(မိမိကိုယ်တိုင်လည်း ဘာမှမလုပ်ဘဲ)ဘေးထိုင်ဘုပြောနေသူတွေ အများကြီးရှိနေပါတယ်။ ဒီလိုလူမျိုးတွေကို လက်ညှိုးထိုးပြီး ပြောချင်တာမှ လျှာကိုယားနေတာပါပဲ။ ဒါပေမယ့်လည်းလေ လူကြီးနဲ့ ကလေးကွာခြားမှုက ဒါပဲလေ။ ကျွန်တော်တို့က ကလေးတွေလို မလွတ်လပ်ပါ။

စောင့်ထိန်းရမည့်ကျင့်ဝတ်တွေ လူမှုစည်းကမ်းတွေနဲ့အကြောင်းကြောင်းတွေ ထောက်နေရတဲ့အတွက် စိတ်ထဲရှိတဲ့အတိုင်း ပြောမရပါ။ ဘာပဲဖြစ်ဖြစ် တစ်ခါတစ်ခါကျတော့ ရင်ထဲမှာခံစားချက်တွေ ပြည့်လျှံလာရင် အန်ထုတ်ပစ်လိုက်ချင်တာ။ အဲဒီအခါမှာ ကလေးတစ်ယောက်ပြန်ပြီး ဖြစ်ချင်စမ်းပါဘိ လို့ ကျုံးရင့်မိပါတယ်။

ချမ်းမြေ့မိုး(မန္တလေး)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Hidden BLade အောင်မြင်မှုမြင့်မားစွာ ရရှိထား

တရုတ်အနုပညာတွင် ဝေဖန်သံများနှင့်အတူ Hidden Blade ရုပ်ရှင်မှာ အမြတ်အစွန်းများစွာ နှင့် အောင်မြင်မှုမြင့်မားစွာ ရှိထားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




အဆိုပါ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်စရိတ်စုစုပေါင်း ယွမ်သန်းသုံးရာရှိခဲ့ပြီး ရုံတင်ငွေ ယွမ်သန်းကိုးရာကျော်နှင့် သုံးဆကျော် အမြတ်ရရှိခဲ့ရာ ထုတ်လုပ်သူ ဒါရိုက်တာ ချန်အာ ဖနီးစူနာက ဖန်တီးပေးသူများနှင့် ဝန်ထမ်းအားလုံးကျေးဇူးတင်စကားပြောကြားထားပြီး မကြာမီ ခရီးသစ်တစ်ခု ထုတ်လုပ်မှုအသစ် စတင်မည်ဟု ကြေညာထားသည်။

ယင်းရုပ်ရှင်ဇာတ်ကားနှင့်ပတ်သက်၍ ဝမ်ရိဘိုကို တိုက်ခိုက်ဝေဖန်မှုများ ရှိခဲ့သော်လည်း ဝမ်ရိဘိုက အခွင့်အရေးပေးလာလျှင် အသေးအဖွဲပြဿနာကြောင့် ကိုယ့်ကိုယ်ကိုယ် အနှစ်မြှုပ်မခံဘဲ တိုးတိုးတိတ်တိတ်နေတတ်သူသည် အရိုးရှင်းဆုံးနှင့် အင်အားအကြီးဆုံးဖြစ်သည်ဟု ခံယူထားကာ စီနီယာဟန်ဂီ၏ ဆုံးမစကားကို နာယူလက်ခံပြီး အနုပညာလမ်းဆက်လက်လျှောက်လှမ်းနေသည်။

(SKY)



## ညပိုင်းတွင် မီးပိတ်ပြီး အိပ်စက်လျှင် ဆီးချို အမျိုးအစား ၂ ကို တားဆီးနိုင်မည်

ဩစတြေးလျနိုင်ငံ ဖလင်းဒါးစ်တက္ကသိုလ်လက်အောက်ခံ ဆေးပညာနှင့် လူထုကျန်းမာရေးကောလိပ်မှ တွဲဖက်ပါမောက္ခ အန်ဒရူးဖိလစ်ဦးဆောင်သော သုတေသီများသည် ညအိပ်ချိန်၌ မီးအလင်းရောင်အောက်တွင်အိပ်စက်ခြင်း၏ အကျိုးသက်ရောက်မှု အကြောင်း မကြာသေးမီက စူးစမ်းလေ့လာခဲ့ကြသည်။

လူပေါင်း ၈၅၀၀၀ ဦး၏ နာရီ ၁၃ သန်းခန့်ကြာ ညဘက်အလင်းနှင့်ထိတွေ့မှု အကျိုးဆက်အကြောင်းလေ့လာရာမှ ထူးခြားချက်တစ်ခုကို ဖော်ထုတ်သိရှိခဲ့ကြသည်။

ယင်းထူးခြားချက်မှာ ညပိုင်းတွင် မီးပိတ်ပြီး အိပ်စက်လျှင် ဆီးချိုအမျိုးအစား၂ ကို တားဆီးနိုင်မည်ဆိုသော အချက်ပင်ဖြစ်ကြောင်း သိရသည်။

SCI

## Yoo Jae Suk က Pilot ရုပ်ရှင်တွင်ပါဝင်ထား



နိုင်ငံအချစ်တော်အစီအစဉ်မှူးအဖြစ် သတ်မှတ်ခံရသည့် ယူဂျေဆွတ်က Pilot ရုပ်ရှင်တွင် ပါဝင်ထား၍ ပရိသတ်များ စိတ်လှုပ်ရှားစွာ စောင့်မျှော်နေကြသည်။

အဆိုပါ ဇာတ်ကားသတင်းစာရှင်းလင်းပွဲတွင် မင်းသား ဂျိုဂျောင်ဆွတ်က ယူဂျေဆွတ်နှင့် ဂျိုဆီဟိုတို့၏ သရုပ်ဆောင်မှုကို ချီးကျူးစကားထုတ်ပြောကြားခဲ့၍ ပရိသတ်အံ့အားတသင့်ဖြစ်ခဲ့ကြရသည်။

ယင်း Pilot ရုပ်ရှင်သတင်းစာရှင်းလင်းပွဲတွင် ဂျိုဂျောင်ဆွတ်က တစ်ရက်ထဲ You Quiz နှင့် ရုပ်ရှင်ရိုက်ကူးခဲ့၍ ယူဂျေဆွတ်နှင့် ဂျိုဆီဟို ကို အံ့ဩနေပြီး ရိုက်ကူးရေးလုပ်နေခြင်းလား၊ ရသစုံအစီအစဉ်လားဟု ဝေခွဲရခက်နေရာမှ ယူဂျေဆွတ်သရုပ်ဆောင်မှုမှာ အံ့မခန်းဖြစ်ခဲ့သည်ဟု ချီးကျူးစကားပြောကြားသွားသည်။

ပရိသတ်များက ယူဂျေဆွတ် ရုပ်ရှင်ဇာတ်ကားကြီးတွင် ပါဝင်ထားသည်ဆို၍ စိတ်ဝင်တစား စောင့်မျှော်နေကြသည်။

(SKY)

## Twice အဖွဲ့က 2024 Coupang Play Series တွင် K pop ကိုယ်စားပြုဖျော်ဖြေခဲ့




ကမ္ဘာကျော်ကေပေါ့ပ်အဖွဲ့ဖြစ်လာသည့် Twice အဖွဲ့သည် ဇူလိုင်လကုန်တွင် ကျင်းပခဲ့သည့် 2024 Coupang Play Series တွင် ကေပေါ့ပ်ကိုယ်စားပြုအဖြစ် ဖျော်ဖြေခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ပွဲတွင် K League team နှင့် ToHenham team တို့ ပြိုင်ဆော့ကြမည့် ပြိုင်ပွဲတွင် ကေပေါ့ပ်ကိုယ်စားပြုအနေနှင့် Twice အဖွဲ့ ဖျော်ဖြေခဲ့သည်။

Twice အဖွဲ့သည် Global Stadium Artist ဆိုသည့် ဘွဲ့ရရှိထားပြီးဖြစ်ကာ ကေပေါ့ပ်ကိုယ်စားပြု The Seoul World Cup Stadium တွင် ကျင်းပမည့် 2024 Coupang Play Series တွင် ထပ်မံ၍ ဖျော်ဖြေသွားခြင်း ဖြစ်သည်။

Twice အဖွဲ့၏ ပရိသတ်များက Twice အဖွဲ့ဝင်များ စုံညီစွာမြင်တွေ့ခဲ့ကြရ၍ သဘောကျနှစ်ခြိုက်ကာ တစ်ခဲနက်အားပေးမှု ရရှိထားခဲ့သည်။

(SKY)



## Yum Jung Ah က Sister's Farm Direct တွင် Jin ကို ဖိတ်ခေါ်ထား

သရုပ်ဆောင်အနုပညာရှင် ယန်ဂျောင်အာက ဘီတီအက်စ်မှ ဂျင်(ခေါ်)ကင်ဆွတ်ဂျင်ကို တီဗီအင်န်၏ Sister's Farm Direct တွင် ဧည့်သည်အဖြစ် ဖိတ်ခေါ်လိုသည်ဟု ပြောကြားထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ယန်ဂျောင်အာက ဂျင်ကို အရသာရှိသော အစားအသောက်များ ချက်ကျွေးလိုကြောင်းနှင့် ဂျင်သာလာလျှင် မြေမထိစေဘဲ ပန်းထမ်းစင်နှင့် ကြိုဆိုမည်ဖြစ်ကြောင်းကို အန်အွန်ဂျင်းကလည်း ပြောကြားခဲ့သည်။

ယန်ဂျောင်အာမှာ A Tale of Two Sisters, SKY Castle တို့နှင့် နာမည်ကြီးခဲ့ပြီး အန်အွန်ဂျင်းကလည်း Hospital Playlist, The Good Bad Mother တို့နှင့် နာမည်ကြီးကာ ဂျင်ကို သည်းသည်းလှုပ် အားပေးထားကြသည်။

အဆိုပါ အစီအစဉ်မှာ ပင်လယ်ကမ်းစပ်ရွာတွင် နှစ်ညအိပ်သုံးရက်ဘဝနေထိုင်မှု လက်တွေ့ရှိုးတစ်ခုဖြစ်ပြီး ပင်လယ်နှင့် ရာသီအလိုက်အစားအစာများ အရသာခံနိုင်သည့် ရသစုံအစီအစဉ် ဖြစ်သည်။

(SKY)

## Antony Starr က ငယ်စဉ်က နှစ်သက်ခဲ့သည့် အနုပညာရှင်နှင့်အတူ သရုပ်ဆောင်ခွင့်ရ

ဟောလိဝုဒ်အနုပညာရှင် အန်တိုနီစတားသည် သူငယ်စဉ်က နှစ်သက်စွဲလမ်းခဲ့ရသည့် အနုပညာရှင်မမ အဲလစ်ဇဘက်ဆူနှင့်အတူ သရုပ်ဆောင်ခွင့်ရခဲ့၍ ပျော်ရွှင်နေသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အန်တိုနီစတားသည် The Boys တွင် အဲလစ်ဇဘက်ဆူနှင့်အတူ သရုပ်ဆောင်ခွင့်ရ၍ မူးလဲမတတ် ဝမ်းသာကြောင်း၊



အဲလစ်ဇဘက်ဆူ၏ The Karate Kid ၏ အမာခံပရိသတ်ဖြစ်ခဲ့ပြီး ငယ်စဉ်ကတည်းက ကြိုက်နှစ်သက်သော အနုပညာရှင်ဖြစ်ခဲ့ကြောင်း Late Night With Seth Meyers အစီအစဉ်အင်တာဗျူးတွင် ပြောကြားသွားသည်။

အဲလစ်ဇဘက်ဆူမှာ The Boys အပိုင်းတစ်မှ စတင်ပါဝင်ထားကာ အန်တိုနီစတားမှာ ရုတ်တရက် အရွေးချယ်ခံလိုက်၍ ဝမ်းသာလုံးဆို့နေခြင်းဖြစ်သည်။

အန်တိုနီစတားသည် Power Rangers တွင် Yellow Rangers သရုပ်ဆောင် အီမာလာဟာနာနှင့် အိမ်ထောင်ကျခဲ့ဖူးပြီး သူနှစ်သက်ခဲ့သည့် အနုပညာရှင်ကို လက်ရှိအချိန်ထိ အားပေးနေဆဲဖြစ်သည်။

(SKY)



## Jamesjirayu က သရုပ်ဆောင်မော်ဝင်စားသူဟု သတ်မှတ်ခံရ

ထိုင်းအနုပညာရှင် ဂျိမ်းစ်ဂျီယာယူသည် သရုပ်ဆောင်ကောင်းမွန်မှုကို မျက်လုံး၏ သက်ဝင်ယုံကြည်မှုနှင့် ပုံဖော်ထားနိုင်၍ သရုပ်ဆောင် မော်ဝင်စားသူဟု သတ်မှတ်ခံရသည်ဟု နိုင်းနယူးစ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျိမ်းစ်ဂျီယာယူ ပါဝင်ထားသော ဇာတ်ကားများစွာမှာ ပရိသတ်အားပေးမှုတစ်ခဲနက်ရရှိထားပြီး ၂၀၂၄ ခုနှစ် မာတာလဒါ ဒရမ်မာတွင် ကာရိုက်တာနှင့် တစ်ထပ်တည်းကျခဲ့၍ ပရိသတ်များ သရုပ်ဆောင်မော်ဝင်စားသူဟု သတ်မှတ်ခံရကာ အကောင်းဆုံး သရုပ်ဆောင်ဆုပါ ရရှိခဲ့သည်။

သူ့ဇာတ်ကောင်ကို ပုံဖော်ရာတွင် မျက်လုံးများ၏ သက်ဝင်ယုံကြည်မှုနှင့် စကားမပြောဘဲ ပရိသတ်ရင်ကို ဗလောင်းဆန်အောင် လုပ်နိုင်သကဲ့သို့ နွေးထွေးအေးချမ်းမှုရသကိုလည်း ပေါ်လွင်အောင် သရုပ်ဆောင်နိုင်ခဲ့၍ ဖြစ်သည်။

(SKY)



# ကျေးရွာစာကြည့်တိုက် မြေနေရာ ပန္နက်တင် အခမ်းအနားကျင်းပ

**ကျိုင်းတုံ ဩဂုတ် ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်တွင် နိုင်ငံတော်မ,တည်ငွေဖြင့် ဆောက်လုပ်မည့် ကျေးရွာစာကြည့်တိုက်မြေနေရာ ပန္နက်တင်အခမ်းအနားကို ဩဂုတ် ၂၆ရက်တွင် မိုင်းလပ်ကျေးရွာ အုပ်စု၊ ဝမ်မိုင်ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ဦးစီးမှူး ဦးအေးမောင်က ကျေးရွာနေပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရန်၊ စာအုပ်စာပေများကို အခမဲ့ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန် ရည်ရွယ်၍ နိုင်ငံတော်မှ ရပ်ကွက်၊ ကျေးရွာများတွင် စာကြည့်တိုက်များ ဆောက်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ဒေသခံကျေးရွာနေပြည်သူများအား ပြောကြားသည်။

ထို့နောက် ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျိုင်းတုံခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများက စာကြည့်တိုက်တည်ဆောက်ရန် သတ်မှတ်နေရာ အသီးသီးတွင် ပန္နက်ရိုက်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**




# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ခရိုင်အဆင့်)နှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**မကွေး ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ခရိုင်အဆင့်) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၄ ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ပန်းဟောဝန်ခန်းမတွင် ကျင်းပသည်။

ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ထူးက အမှာစကားပြောကြားကာ ပြိုင်ပွဲအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မကွေး၊ မြို့သစ်နှင့် နတ်မောက်မြို့နယ်များမှ သက်ဆိုင်ရာကဏ္ဍအလိုက် စုစုပေါင်းပြိုင်ပွဲဝင် ၈၀ ဦး ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၅ ရက်တွင် အဆိုပါခန်းမ၌ ကျင်းပရာ ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

**မိုးနဲ ဩဂုတ် ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဥယျာဉ်ရပ်ကွက်ရှိ အဆိုပါ ကျောင်းတွင် ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီက ကျင်းပရာ မူလတန်းကျောင်းသား၊ ကျောင်းသူများက ထာဝရမြန်မာတေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်မိုးဆွေက အခြေခံပညာကျောင်းများတွင် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းထွေးခမ်းက ကျောင်းပညာရည်ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိုင်းစံဝင်းက ကျောင်းလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍လည်းကောင်း အသီးသီး ပြောကြားခဲ့ကြသည်။

ဆက်လက်၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် အတန်းလိုက်ထူးချွန်စွာ အတန်းတက်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြပြီး မူလတန်းကျောင်းသား၊ ကျောင်းသူများက အကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign ကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်ကော်မတီဝင်များနှင့် အဖွဲ့ဝန်ထမ်းများက ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများထည့်စရာ ယူဆောင်လာရန် အသိပညာပေးခြင်းနှင့် စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်ကြွပ်ကြွပ်အိတ်အသုံးပြုမှုလျှော့ချရေး အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**(ယာပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွဲ၊ နွားစာ စိုက်ဧက ၈၁၃၇ စိုက်ပျိုးပြီးစီး

**ရမည်းသင်း ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီးအတွင်း ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွဲ၊ နွားစာ ပြောင်းစိုက်ဧက ၈၁၃၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ မြို့နယ်တွင် ကျွဲ၊ နွားစာအတွက် ပြောင်းသီးနှံကို တောင်သူများမှ ရာသီအလိုက် နှစ်စဉ်စိုက်ပျိုးနေလျက်ရှိကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွဲ၊ နွားစာ ပြောင်းလျာထား စိုက်ဧက ၇၅၉၉ ကို ၂၀၂၄ ခုနှစ် မေလနောက်ဆုံးပတ်မှစ၍ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ချိန်တွင် စိုက်ပျိုးပြီးစီးမှုဧကသည် ၈၁၃၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း လျာထားချက်ထက်ပိုမို စိုက်ပျိုးနိုင်ခဲ့သည်။

"ကျွဲ၊ နွားစာပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးတာတွေလုပ်ပါတယ်။ နွားစာပြောင်းကို စိုက်ပျိုးတာပါ။ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ကိုလည်း အသိပညာပေးဆောင်ရွက်ပါတယ်။ ပြောင်းသီးနှံတွေဟာ ကျွဲ၊ နွားစာအတွက် တောင်သူတွေ စိုက်ပျိုးသင့်တဲ့ သီးနှံဖြစ်ပါတယ်။ တောင်သူတွေလည်း တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာကြပါတယ်။ ခုရာသီ သီးနှံမှာလည်း ပြောင်းကိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ခုလိုပြောင်းတွေ စိုက်တာကလည်း ကျွဲ၊ နွားစာအတွက် ဖူလုံစေပါတယ်။ ကိုယ်တိုင်စိုက်ပျိုးတာကြောင့် ကျွဲ၊ နွားစာတွေဟာ အန္တရာယ်ကင်းရှင်းပြီးတော့ စိတ်ချစွာကျွေးမွေးလို့ရပါတယ်" ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ ကျွဲ၊ နွားစာပြောင်း စိုက်တောင်သူများကို ဌာနမှနေပြီး စိုက်ပျိုးရေးဆိုင်ရာသင်တန်းများ၊ ကွင်းသရုပ်ပြပွဲများ၊ ဖောငမြှောင်တောင်ပိုး နှိမ်နင်းနည်းများ စသည်ဖြင့် အသိပေးနည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ စိုက်ပျိုးထားသည့်အတွက် တောင်သူများ၏ မွေးမြူထားသော တိရစ္ဆာန်အစာများအတွက် အဆင်ပြေကာ အကျိုးကျေးဇူးများ ရရှိလာစေမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၇၃)**



**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**

**သာယာလှပ စိမ်းမြမြ။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် အမျိုးသားနိုင်ငံရေးတာဝန် ထမ်းဆောင်ရန် တာဝန်ရှိသည်ဖြစ်သည့်အတွက် မည်သည့်အစိုးရ၊ မည်သည့် နိုင်ငံရေးစနစ်နှင့် သွားသည်ဖြစ်စေ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထုအသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အလေးအနက်ထားဆောင်ရွက်သွားရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းအမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

# အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ



နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စု ဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် နိုင်ငံ့ဝန်ထမ်းများ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများ တိုးပွားလာစေရန်အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲများ ကျင်းပ ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### တက်ရောက်

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစစ်အေးနှင့် တာဝန်ရှိသူများ၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများက လူကိုယ်တိုင်နှင့် အွန်လိုင်းတို့ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းဖြင့် အစိုးရဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ အနေဖြင့် အဂတိလိုက်စားမှု မြောက်နိုင်သောကိစ္စရပ်များ၊ အဂတိလိုက်စားမှု၏ဆိုးကျိုးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကို သိရှိနားလည်ပြီး အဂတိလိုက်စားမှုဖြစ်ပေါ်နိုင်သည့် အကြောင်းအရာများကို ရှောင်ကြဉ်လာနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍများ တိုးတက် ကောင်းမွန်လာစေရန်အတွက် အဂတိလိုက်စားမှု ကင်းစင်ရန် လိုအပ်ကြောင်း၊ အဂတိကင်းရှင်းသည့်နိုင်ငံ့ဝန်ထမ်းများဖြင့် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တစ်ခုကို အကောင်အထည်ဖော်တည်ဆောက်ရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်ရမည်ဖြစ်ကြောင်း။

### ပိုမိုအလေးထားဆောင်ရွက်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အများပြည်သူကို တိုက်ရိုက် ဝန်ဆောင်မှုပေးနေသည့် ဌာနအဖွဲ့အစည်းများဖြစ်သည့်အတွက် အများပြည်သူကို အပြည့်အဝ ဝန်ဆောင်မှုပေးရန်နှင့် အဂတိလိုက်စားမှု ကင်းစင်ရေး ပိုမိုအလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့အပြင် ဖြောင့်မတ်တည်ကြည်မှု၊ တာဝန်ယူ/ တာဝန်ခံမှုရှိရန်၊ ပွင့်လင်းမြင်သာစွာဖြင့် ကျောသားရင်သား မခွဲခြားဘဲ မျှတစွာဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစစ်အေးက အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးမြတ်မွန်က အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှု ဖြစ်ပေါ်ရခြင်း အကြောင်းအရင်းများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများနှင့် တားဆီးကာကွယ်ရေး ကဏ္ဍများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးအေးမင်းသောင်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် စုံစမ်းစစ်ဆေးရေးကဏ္ဍနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့် ဦးဆောင်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(Corruption Prevention Unit-CPU) အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ် တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မဟာယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ သရေကျ

MNL(U-20)Youth League 2024 အမှတ်ပေး ဘောလုံးပြိုင်ပွဲ(Week-13)ပွဲစဉ် တစ်ပွဲအဖြစ် ဩဂုတ် ၂၈ ရက် ညနေက ပဒုမ္မာကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ကစားခဲ့ကြပြီး တစ်ဂိုးစီ သရေကျခဲ့သည်။

ရခိုင်ယူနိုက်တက်အသင်းသည် ပွဲချိန် ၃၄ မိနစ်တွင် အသင်းခေါင်းဆောင် နိုင်နိုင်ဝင်း၏ သွင်းဂိုးဖြင့် မဟာယူနိုက်တက် အသင်းကို ပထမပိုင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်းတွင် မဟာယူနိုက်တက်အသင်းသည် ချေပဂိုး ပြန်လည်ရရှိရန် ကြိုးပမ်းခဲ့ပြီး ပွဲချိန် ၅၉ မိနစ်တွင် ချေပဂိုးပြန်ရခဲ့သည်။ မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုး ကို အောင်ခန့်ဖြိုးက သွင်းယူပေးခဲ့သည်။

နှစ်သင်းစလုံးသည် လက်ကျန်မိနစ်များတွင် ဂိုးထပ်မရခဲ့သည့်အတွက် တစ်ဂိုးစီ သရေဖြင့်သာ ပွဲပြီးဆုံးခဲ့သည်။

(ယာဖုံ)(NGB)

